# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ကိုယ်ချင်းစာတရားထား

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၁၀၄)


# ပြည်တွင်းနှင့်ပြည်ပမှ ဗုဒ္ဓဘာသာအဖွဲ့များပူးပေါင်း၍ ရဟန်း၊ သာမဏေ၊ သီလရှင် ၂၀၂၀ အား လှူဖွယ်ဝတ္ထုများလောင်းလှူ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ရန်ကုန်တိုင်းဒေသကြီး)နှင့် Jin Gang Shan Asia Pacific General Association (တရုတ်(တိုင်ပေ)၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား) ဗုဒ္ဓဘာသာအဖွဲ့တို့ပူးပေါင်း၍ ပထမအကြိမ် ရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၂၀၂၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိုင်းသောက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဂုဏ်ထူးဆောင်ဓမ္မပါရဂူ ဒေါက်တာ ဘဒ္ဒန္တကုမာရထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ ဧည့်ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြစဉ်။ သတင်းစဉ်



နိုင်ငံခြားတပ်များ ဖယ်ရှားပေးရေးဆွေးနွေးရန် အီရတ်၏တောင်းဆိုမှုကို အမေရိကန်ပယ်ချ စာမျက်နှာ - ၁၄

ယူကရိန်းလေယာဉ် ပျက်ကျခဲ့ရတဲ့အကြောင်းရင်း စာမျက်နှာ - ၁၅




## လူငယ်များထိတွေ့ဆက်ဆံသင်ယူနိုင်သည့်နေရာ လူငယ်စင်တာများ ပေါ်ပေါက်လာရေး

လူငယ်ဘဝကို အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြားအရွယ်ဟူ၍ သတ်မှတ်ထားသည်။ ယင်းအရွယ်သည် ကာယအား၊ ဉာဏအားတို့ ဖွံ့ဖြိုးတိုးတက်သည့်အရွယ်၊ စိတ်ကူးစိတ်သန်းအတွေးအခေါ်တို့ ဆန်းသစ်သည့် အရွယ်၊ အသိပညာ၊ အတတ်ပညာတို့ အလွယ်တကူ သင်ယူတတ်မြောက်နိုင်သည့် အရွယ်၊ တီထွင်ဖန်တီးတတ်သည့် အရွယ်၊ လောကကို အသစ်တစ်ဖန် ပြန်လည်တန်ဆာဆင်ကာ တော်လှန်ပြောင်းလဲလိုစိတ်တို့ ထက်သန်တက်ကြွနေတတ်သည့်အရွယ်လည်း ဖြစ်သည်။ အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်ဘဝမှာပင် တဖြည်းဖြည်းရင့်ကျက်လာကာ ယင်းမှကျော်လွန်၍ လူရွယ်ဘဝသို့ ရောက်သောအခါ တည်ငြိမ်သွားတတ်သည်။

လူငယ်ဘဝတွင် ကျောင်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာစသည်ဖြင့် တစ်ခုခုကိုသင်ယူကြကာ အနာဂတ်မျှော်လင့်ချက်အိပ်မက်များအတွက် ကြိုးပမ်းအကောင်အထည်ဖော်ကြရသည်။ ဝါသနာပါရာတစ်ခုခုကို ထူးထူးချွန်ချွန်လုပ်ကိုင်ရင်း လူငယ်ဘဝမှာပင် အောင်မြင်မှုရရှိသွားသူများရှိသလို စမ်းတဝါးဝါးနှင့် လမ်းပျောက်သွားကြရသူများလည်း ရှိသည်။ မိမိတို့နိုင်ငံတွင် လူငယ်အများစုတို့သည် ဆင်းရဲနွမ်းပါးမှု၊ ကျား၊ မ တန်းတူ မညီမျှမှု၊ နိမ့်ကျသည့် ပညာရေးအဆင့်အတန်းနှင့် ပညာရေးလက်လှမ်းမမီမှု၊ နိမ့်ကျသောကျန်းမာရေး၊ လိင်မှတစ်ဆင့်ကူးစက်သောရောဂါနှင့် အိတ်ချ်အိုင်ဗွီအန္တရာယ်၊ အဆင်သင့်မဖြစ်မီ ကိုယ်ဝန်ဆောင်ရခြင်း၊ မသန်စွမ်းမှု၊ လုံခြုံမှုမရှိသော နေရာထိုင်ခင်း၊ အကြမ်းဖက်မှုများ၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ မူးယစ်ဆေးဝါးပြဿနာ၊ တန်းတူညီမျှမှု၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်မရရှိမှု စသည့်ပြဿနာအခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ လူဦးရေ စုစုပေါင်း ၅၁ ဒသမ ၄ သန်းရှိသည့်အနက် အသက် ၁၅ နှစ်မှ ၁၉ နှစ်အရွယ် ၉ ဒသမ ၂၀ ရာခိုင်နှုန်း၊ ၂၀ နှစ်မှ ၂၄ နှစ်အရွယ် ၈ ဒသမ ၆၁ ရာခိုင်နှုန်း၊ ၂၅ နှစ်မှ ၂၉ နှစ်အရွယ် ၈ ဒသမ ၂၅ ရာခိုင်နှုန်း၊ အသက် ၃၀ နှစ်မှ ၃၄ နှစ်အရွယ် ၇ ဒသမ ၇၅ ရာခိုင်နှုန်းရှိကြောင်း၊ "အလုပ်လုပ်နိုင်သောအရွယ်"ဖြစ်သည့် အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိ လူဦးရေအချိုးအစားမှာ ၆၅ ဒသမ ၆ ရာခိုင်နှုန်းရှိနေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် "လူဦးရေဆိုင်ရာ" ဆုလာဘ်ကို ရရှိထားခြင်းဖြစ်ပြီး ယင်းအချက်ကို အကျိုးရှိစွာအသုံးချနိုင်ပါက ဆယ်စုနှစ်နှစ်ခုစာအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း ပညာရှင်များ၏အဆိုရှိသည်။ တစ်ဖက်တွင်လည်း မိမိတို့နိုင်ငံအနေဖြင့် လူဦးရေဆိုင်ရာဆုလာဘ်ကို ရရှိထားသည်ဆိုစေကာမူ ယင်းလူသားအရင်းအမြစ်ကို တန်ဖိုးမြင့်သည့် လူသားအရင်းအမြစ်ဖြစ်လာစေရန် ပြုစုပျိုးထောင်မှုနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့တွင် နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုများကို ရှေးမဆွကပင် ပြုလုပ်ထားခဲ့မှသာ လက်ရှိအချိန်တွင် အသုံးတွင်မည်ဖြစ်ပြီး ယခုကာလ ရင်းနှီးမြှုပ်နှံမှုကမူ အနာဂတ်အတွက်ဖြစ်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် လူငယ်များကို နိုင်ငံတော်၏ အဖိုးတန် အရင်းအမြစ်များဖြစ်သည်ကို လည်းကောင်း၊ လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်ကာလတွင် ရင်းနှီးမြှုပ်နှံခြင်းပြုရန် အလွန်အရေးကြီးပြီး အခြေခံလည်းကျသည်ကိုလည်းကောင်း အသိအမှတ်ပြုကာ လူငယ်ရေးရာမူဝါဒကိုရေးဆွဲ၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ပြဋ္ဌာန်းထားခဲ့ပြီး ဖြစ်သည်။ လူငယ်မူဝါဒအရ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးနှင့် အခြားသော ဘေးဖြစ်စေတတ်သည့် အန္တရာယ်များ၊ အားကစားနှင့် အပန်းဖြေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု၊ သုတေသန၊ သိပ္ပံနှင့် နည်းပညာ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု၊ သယံဇာတသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေး/ဘဝလုံခြုံရေး၊ ကျား၊ မ ညီမျှမှု၊ လူ့အခွင့်အရေး၊ နိုင်ငံတကာဆက်ဆံရေး စသည့် အဓိကကဏ္ဍများတွင် အကောင်အထည်ဖော်သွားရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

ယနေ့လူငယ်များသည် နိုင်ငံ့အနာဂတ်အတွက် အင်အားများဖြစ်သည့်အလျောက် ယနေ့ယခု ပြုစုပျိုးထောင်မှသာ အနာဂတ်တွင် အရည်အသွေးပြည့်ဝသော အင်အားများကို ရရှိနိုင်မည်ဖြစ်သည်။ လူငယ်များအတွက် သတင်းအချက်အလက်များရယူနိုင်သော၊ အနုပညာ၊ အားကစားနှင့် လူငယ်ရေးရာများဆောင်ရွက်နိုင်သော၊ လူငယ်များအချင်းချင်း ထိတွေ့ဆက်ဆံသင်ယူနိုင်သော လူငယ်စင်တာများ မြို့ရွာအသီးသီးတွင် ပေါ်ပေါက်လာစေရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ဟု ရှုမြင်မိပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၏ ပထမဆုံးအပြာရောင်ကမ္ပည်းပြားကို အ.ထ.က (၁) ပန်းဘဲတန်း၌ တပ်ဆင်

ရန်ကုန် ဇန်နဝါရီ ၁၁

**ရန်ကုန်မြို့ပြအမွေအနှစ်အဖြစ် ၂၀၂၀ ပြည့်နှစ်၏ ပထမဆုံးအပြာရောင်ကမ္ပည်းပြားဖြစ်သော ၃၅ ခုမြောက် ကမ္ပည်းပြားကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပန်းဘဲတန်း(ယခင် စိန့်မေရီ ဒိုင်အိုစီဇင် မိန်းကလေးအထက်တန်း ကျောင်း)တွင် ယနေ့နံနက် ၉ နာရီက တပ်ဆင်ဖွင့်လှစ်ခဲ့သည်။**




**မြို့ပြအမွေအနှစ်တွေ ထိန်းသိမ်း**

အဆိုပါ ၃၅ ခုမြောက် အပြာရောင်ကမ္ပည်းပြား ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက် အမှတ်တရစကားပြောကြားခဲ့သည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က " ရန်ကုန်မြို့မှာ မြို့ပြအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ရန်ကုန်မြို့တော်ကြီးဟာ ဘယ်အချိန်၊ ဘယ်ကာလမှာ၊ ဘယ်လိုသမိုင်းကြောင်းတွေနဲ့ ဖြတ်သန်းခဲ့တယ်ဆိုတာကို နောင်မျိုးဆက်တွေ၊ နောင်လာ နောက်သားတွေကို သမိုင်းအမွေလက်ဆင့်ကမ်းနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် စိန့်မေရီကျောင်းသူဟောင်းများကိုယ်စား ဒေါက်တာဒေါ်ခင်ကြည်က ကျေးဇူးတင်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် တာဝန်ရှိသူများက အပြာရောင်ကမ္ပည်းပြားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး **(အပေါ်ပုံ)** အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

**၁၈၈၆ ခုနှစ်တွင် တည်ထောင်**

ရန်ကုန်မြို့၏ အစောဆုံးမိန်းကလေးသီးသန့်ကျောင်းများတွင် တစ်ကျောင်း အပါအဝင်ဖြစ်သော အ.ထ.က(၁)ပန်းဘဲတန်းကို ဆရာမှတ်ကြီးဟု ထင်ရှားသော အင်္ဂလီကန်သာသနာပြုဒေါက်တာ ဂျေအီးမာ့ခ်စ်က စိန့်မေရီ ဒိုင်အိုစီဇင် မိန်းကလေးအထက်တန်းကျောင်းအဖြစ် ၁၈၈၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ယောကျ်ားလေး သီးသန့်ကျောင်းဖြစ်သည့် စိန့်ဂျွန်းကောလိပ်ကို ၁၈၆၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ဒေါက်တာမာ့ခ်စ်သည် ကျောင်းစတင်တည်ထောင်ရန်အတွက် Miss Cooke ကို ပထမဆုံးကျောင်းအုပ်အဖြစ် ခန့်အပ်ခဲ့ကာ ထိုစဉ်က ရန်ကုန်မြို့၏ ထိပ်တန်းကျောင်းတစ်ခု ဖြစ်လာခဲ့သည်။ ၁၈၉၇ ခုနှစ်တွင် Miss Laughlin က ကျောင်းအုပ်အဖြစ် တာဝန်ယူခဲ့ပြီး ကျောင်းသူဦးရေမှာ ၁၆၀ မှ ၅၀၀ အထိ တိုးလာခဲ့သည်။

**လှူဒါန်း**

၁၈၆၅-၆၆ ခုနှစ်တွင် တည်ဆောက်ခဲ့သော မူလသစ်သားကျောင်းဆောင်ကို လက်ရှိကျောင်းဆောင်ဖြင့် ၁၉၁၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်တွင် အစားထိုးခဲ့ပြီး ၂၉ ရက်တွင် ဖွင့်ပွဲကျင်းပရာ ထိုအချိန်က ဒုတိယဘုရင်ခံ Adamson နှင့်ဇနီး၊ အင်္ဂလီကန်သာသနာချုပ်နှင့် ဂုဏ်သရေရှိဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ သုံးထပ်ဆောင်သစ်တွင် လျှပ်စစ်မီးများ တပ်ဆင်ထားပြီး အပေါ်ဆုံးထပ်တွင် ဝတ်ပြုခန်းမ၊ ကျောင်းသူများအိပ်ဆောင်တို့ရှိကာ ပထမထပ်တွင် Miss Laughlin ဆရာမများ နေထိုင်သည့်အခန်းများ၊ မြေညီထပ်တွင် အစည်းအဝေးခန်းမဆောင်တို့ ပါဝင်သည်။ အဆောက်အအုံဆောက်လုပ်ရာတွင် ကုန်ကျစရိတ်တစ်ဝက်ဖြစ်သည့် ပေါင် ၂၈၀၀ ကို ဗြိတိသျှအစိုးရက ထုတ်ပေးပြီး S.P.G သာသနာပြုအဖွဲ့က ပေါင် ၁၀၀၀ လှူဒါန်းခဲ့သည်။

**ထိပ်တန်းမိန်းကလေးကျောင်း**

စိန့်မေရီကျောင်းသည် စတင်တည်ထောင်ချိန်မှစ၍ ထိပ်တန်းမိန်းကလေးကျောင်းအဖြစ် ရပ်တည်ခဲ့ရာ ၁၉၆၅ ခုနှစ်တွင် အခြားသော သာသနာပြု ကျောင်းများနည်းတူ ကျောင်းကို ပြည်သူပိုင်ပြုခဲ့ပြီး အ.ထ.က (၁) ပန်းဘဲတန်းအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ကျောင်း၏ သမိုင်းတစ်လျှောက်တွင် ထင်ရှားသည့် မြန်မာအမျိုးသမီးများစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။

အပြာရောင် ကမ္ပည်းပြားများ တပ်ဆင်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အားပေးကူညီမှု၊ အလှူရှင်များ၏ ငွေကြေးထည့်ဝင်မှုတို့ဖြင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ယနေ့တပ်ဆင်ခဲ့သော ၃၅ ခုမြောက် အပြာရောင်ကမ္ပည်းပြားအတွက် သုတေသနနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များအတွက် စိန့်မေရီကျောင်းသူဟောင်းများက ကျခံထည့်ဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

## အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

**နေပြည်တော် ဇန်နဝါရီ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဘုရင့်နောင်ရပ်ကွက်ရှိ မြဝတီသတင်းစာတိုက်၌ ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါသတင်းစာတိုက်ရှိ ဓေယျာသုခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ ရွာကောက်ရပ်ရှိ ပါဠိတက္ကသိုလ် မင်္ဂလာဓေယျုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး မြဝတီသတင်းစာတိုက် စာတည်းမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက ပါဠိတက္ကသိုလ် မင်္ဂလာဓေယျုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ ပဋ္ဌာန်းအကြောင်းတရားတော်နာယူကြပြီး စာတည်းမှူးချုပ်နှင့် အလှူရှင်များက သံဃာတော်များထံ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**အောင်လှိုင်ဝင်း(မြဝတီ)**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၊ အခြေခံပညာဦးစီးဌာန နှင့် ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်



စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( ပြင်ဦးလွင်မြို့ )

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၃၊၁၄)ရက် (တနင်္လာ၊ အင်္ဂါ) နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
ရောဝတီခန်းမ ၊ အ.ထ.က (၁)၊ ပြင်ဦးလွင်မြို့။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီးတို့ ဆရာတော်အား လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဂုဏ်ထူးဆောင်ဓမ္မပါရဂူ ဒေါက်တာ ဘဒ္ဒန္တကုမာရထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဗဟို ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၂၀၂၀ တို့အား လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

သတင်းစဉ်

# တောင်ငူမြို့ တေဇာခင်ဦး (၅)လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

**တောင်ငူ ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် တောင်ငူမြို့ တေဇာခင်ဦး(၅)လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးပြုံးမောင်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးပြုံးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** အဆိုပါလမ်းသစ်အား ကြည့်ရှုစစ်ဆေးကြကာ ရပ်ကွက်နေပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

အဆိုပါလမ်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၂၀၉ သိန်း အကုန်ကျခံ၍ အကျယ် ၁၀ ပေ အလျားပေ ၁၀၀၀၊ ထုခြောက်လက်မရှိ ကွန်ကရစ်လမ်းအဖြစ် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

၀၄၈



# အဌမအကြိမ် လေးမြိုင်ဓမ္မပူဇာ စာပေဆုချီးမြှင့်ပွဲနှင့် ထေရဝါဒ ဓမ္မစာမူဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အဌမအကြိမ် လေးမြိုင်ဓမ္မပူဇာ စာပေဆုချီးမြှင့်ပွဲနှင့် ထေရဝါဒ ဓမ္မစာမူ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဇမ္ဗူသီရိဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့ နာယက ဆရာတော်ဗိုလ်ကလေး အရှင်ပဏ္ဍိတက ဩဝါဒအမှာစကားမြွက်ကြားကာ အမျိုးသားစာပေ တစ်သက်တာဆုရ စည်သူ လယ်တွင်းသားစောချစ်က မုဒိတာစကား ပြောကြားသည်။



## ဆုများပေးအပ်

ထို့နောက် ဆုအလှူရှင် အမျိုးသားစာပေတစ်သက်တာဆုရ ဓမ္မရံသီနှင့် ဓမ္မရတနာဓမ္မမဂ္ဂဇင်းများ၏ အယ်ဒီတာချုပ် ဆရာကြီးစည်သူ ဦးလေးမြိုင်က လေးမြိုင်ဓမ္မပူဇာစာပေဆုရရှိကြသည့် တရားကိုဘယ်လိုချစ်ကြမလဲနှင့် ဓမ္မစာစုများ စာပေဖြင့် အရှင်အဂ္ဂဝံသ (မော်ကျွန်း)၊ သဘောထားမှန်မှန် အမြင်မှန်မှန် စာပေဖြင့် အရှင်အာစာရ(ကံယံ)၊ ပြိတ္တာများနှင့် တွေ့ဆုံခြင်းစာပေဖြင့် သုန္ဒရဝင်း (ချောင်းဦး)၊ ပထမထွတ်ခေါင်ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းသံပေါက်များ ဖွင့်ဆိုချက်စာပေဖြင့် ဦးညွန့်မောင် (ဓမ္မာစရိယ၊ ဘီအေ၊ အာရ်အယ်လ်) နှင့် မန္တန်နှင့်ပရိတ် ရောမကြိတ်ပါနဲ့ စာပေဖြင့် အောင်ထိုက်(ရွှေဘို)တို့ကို ဆုများပေးအပ်သည်။

ယင်းနောက် လေးမြိုင်ဓမ္မပူဇာ စာပေဆုရရှိသူများကိုယ်စား ဆရာတော် အရှင်အဂ္ဂဝံသ(မော်ကျွန်း) က ကျေးဇူးတင်စကား မြွက်ကြားပြီး ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာကြီး ဦးညွန့်မောင် (ဓမ္မာစရိယ၊ ဘီအေ၊ အာရ်အယ်လ်)က ထေရဝါဒ ဓမ္မစာမူ ဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုအလှူရှင်များက ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့မှ ပေးအပ်သည့် ထေရဝါဒဓမ္မစာမူဆုများထဲမှ ဓမ္မ အဓမ္မဆိုင်ရာစာမူဆု၌ "ဓမ္မကိုငြင်းပယ်သူများနှင့် မှားယွင်းစွာဟောကြသူများ" စာမူဖြင့် ပထမဆုရ အောင်အောင်ဇော်(လှိုင်သာယာ)နှင့် "ဘယ်ပုံဘယ်နည်း ကာကွယ်ကြမှာလဲ" စာမူဖြင့် ဒုတိယဆုရ ဓမ္မိက (စကားဝါမြေ)၊ အယူအမြင် စင်ကြယ်ရေးဆိုင်ရာ စာမူဆု၌ "ပညာမပါ သဒ္ဓါမစစ်" စာမူဖြင့် ပထမဆုရ ဇော်မြင့်ထွန်း၊ "သူတော်ကောင်းတရားတု"စာမူဖြင့် ဒုတိယဆုရ သက်ဝေမှူး(မြဝတီ)နှင့် "မှားလျှင်အပြစ် မှန်လျှင်အကျိုး" စာမူဖြင့် တတိယဆုရ ကိုချို(မြကိုင်း) တို့ကို ဆုများပေးအပ်ကြသည်။

## မုဒိတာစကား ပြောကြား

ယင်းနောက်ဆုရရှိသူများကိုယ်စား ဓမ္မိက(စကားဝါမြေ)က ကျေးဇူးတင်စကားပြောကြားပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးစိုးဝင်းက မုဒိတာစကား ပြောကြားသည်။ **သတင်း - နေလင်း**

**ဓာတ်ပုံ - မင်းသစ်(MNA)**

# မြန်မာလူငယ်နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၂၀ စကားဝိုင်းကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၂၀ ၏ စကားဝိုင်းကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ၌ ကျင်းပသည်။

## သိလိုသည်များမေးမြန်း

မြန်မာလူငယ်နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၂၀ စကားဝိုင်းကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် MPT တို့ ပူးပေါင်းကျင်းပခြင်းဖြစ်၍ နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် လူငယ်များ တီထွင်ကြံဆမှုကို မြေတောင်မြှောက် ပံ့ပိုးပေးလျက်ရှိရာ Myanmar Youth Technopreneurship Development Program 2020 ပြိုင်ပွဲတွင် တိုင်းပြည်နှင့် လူမျိုးအတွက်အကျိုးရှိစေမည့် တီထွင်ဆန်းသစ်မှုများဖြင့် ယှဉ်ပြိုင်နိုင်ရန် အတွေ့အကြုံရှိသော စီးပွားရေးလုပ်ငန်းရှင်ပုဂ္ဂိုလ်လေးဦးက စကားဝိုင်းအဖြစ် ဆွေးနွေးခဲ့ပြီး ဆက်လက်၍ အောင်မြင်စလူငယ်များကလည်း စကားဝိုင်းအဖြစ် ပြန်လည်ဆွေးနွေးခဲ့ရာ စိတ်ပါဝင်စားစွာ တက်ရောက်လာသော လူငယ်များကလည်း ပြိုင်ပွဲအတွက် သိလိုသည်များကို မေးမြန်းကြကြောင်း သိရသည်။




မြန်မာလူငယ်နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၂၀ ၏ စကားဝိုင်း ကျင်းပစဉ်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ပန်းဈေးအသစ်တည်ဆောက်မှုပြီးစီး၍ လာမည့် ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်သွားမည်

**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေး-ပြင်ဦးလွင်ကားလမ်း တလဲကုန်းကျေးရွာအနီး လမ်းဘေးဝဲ/ယာတွင် ပန်းဈေးရောင်းချနေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်နေ၍ ယာဉ်ကြောပိတ်ဆို့မှုနှင့်ယာဉ်မတော်တဆမှုများ ကင်းဝေးစေရန် မန္တလေး-ပြင်ဦးလွင် ကားလမ်းနှင့် တန်ဖိုးမြှင့်တအိမ်ရာအဝင်လမ်းဘေး သန့်စင်ကုန်းကျေးရွာအနီးတွင် ပန်းဈေးအသစ်အား ၂၀၁၉ ခုနှစ် စက်တင်ဘာလမှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်မှုပြီးစီး၍ လာမည့်ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ ပန်းဈေးသစ်ကို မြေကေ ၂ ဒသမ ၁၉ ဧကပေါ်တွင် ပန်းဈေးအဆောင် ငါးဆောင်နှင့် စက်ရေတွင်း၊ ရေလှောင်ကန်၊ ရေစင်၊ ခြောက်ခန်းတွဲ အများသုံးသန့်စင်ခန်းများနှင့်ဈေးရုံးခန်းများပါဝင်ပြီး ပန်းဈေးအဆောင်တစ်ဆောင်လျှင် ၁၀ ပေပတ်လည် အခန်း ၂၄ ခန်း ပါဝင်ကာ ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ငွေကျပ်သန်း ၃၀၀ အကုန်ကျခံတည်ဆောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး Asi@Connect National Launch ဖွင့်ပွဲအခမ်းအနားတက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁၁**

Asi@Connect National Launch ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုဗိုတယ် ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဆင့်မြင့်ပညာကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်ရာတွင် ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ ဘဝတစ်သက်တာ သင်ယူလေ့လာသူများ၏ အရည်အသွေးတိုးတက်လာစေရန် သင်ကြားသင်ယူမှု၊ လေ့ကျင့်ရေး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုမှအစပြု၍ သင်ယူမှုဝန်းကျင်ကောင်းများကို ဖန်တီးအားပေးလျက်ရှိကြောင်း၊ တက္ကသိုလ်၏ အသက်သွေးကြောသည် သုတေသနဖြစ်ပြီး သုတေသနဖွံ့ဖြိုးရေးသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး Asi@Connect National Launch ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

Asi@Connect သည် ၂၀၀၁ ခုနှစ်တွင် အာရှ – ဥရောပ အစည်းအဝေး (ASEM)မှ စတင်ခဲ့သော ဥရောပ–အာရှ သတင်းအချက်အလက် ကွန်ရက် (Trans–Eurasia Information Network – TEIN) တည်ဆောက်ရေးအတွက် ဥရောပသမဂ္ဂမှ အထောက်အပံ့ပေးသော စီမံကိန်းအစီအစဉ်များတွင် စတုတ္ထအဆင့်စီမံကိန်း ဖြစ်ပါကြောင်း၊ Asi@Connect Project တွင် အာရှနိုင်ငံပေါင်း ၂၄ နိုင်ငံမှ တက္ကသိုလ်များနှင့် သုတေသနဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး ဥရောပမှ သုတေသနပညာရှင်ပေါင်း သန်း ၅၀ ကို GEANT ကွန်ရက်မှတစ်ဆင့် ဆက်သွယ်၍ သုတေသနလုပ်ငန်းပေါင်းများစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ Asi@Connect Project ၏ အဓိက လုပ်ငန်းခြောက်ခုအနက် တစ်ခုဖြစ်သည့် ဒေသတွင်း ဒစ်ဂျစ်တယ် နည်းပညာကွာဟမှုလျှော့ချနိုင်ရေးအတွက် အကူအညီပေးခြင်းဖြစ်သောကြောင့် Asi@Connect Project ၏ပံ့ပိုးမှုဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ၂၀၁၉ – ၂၀၂၀ အတွင်း TOT (Training of Trainers) သင်တန်း ၁၃ မျိုးကို မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နည်းပညာတက္ကသိုလ်များမှ ဆရာ ဆရာမများကို သင်ကြားပို့ချပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် European Union Head of Mission Mr.Johann Hesse၊ TEIN*CC မှ President Mr.Yong Hwan Chung နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် WP6 Project CCNA Cyber Op နှင့် WP6 Project Bridging the Digital Divide in Myanmar ခေါင်းစဉ်များဖြင့် နည်းပညာဆိုင်ရာများကို ဆက်လက်ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အသိပညာပေးရေးနှင့် ပေါင်းစပ်ဆောင်ရွက်မည့်လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက်(၂)နှစ်အောက်ကလေးငယ်များအား ငွေကြေးထောက်ပံ့ခြင်း(MCCT) အစီအစဉ်တွင် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှု (Child Development) နှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက်အကူပြု ဗဟိုဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအကျိုးအတွက် ကဏ္ဍအလိုက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများလည်း ရှိပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကိုယ်ဝန်ဆောင်ချိန်မှစ၍ သက်ကြီးရွယ်အိုအထိ လူမှုဝန်ထမ်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက်(၂)နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်တွင် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ကလေးဘဝအစ ရက်ပေါင်း ၁၀၀၀ ကာလ၏ အရေးပါပုံကို မိဘများက သိရှိနားလည်ပြီး မိမိတို့ကိုယ်တိုင် လိုက်နာဆောင်ရွက်ရမည်ကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရန် ဖြစ်ကြောင်း။

## လုပ်ငန်းကျွမ်းကျင်မှုရှိရန်

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း (Early Childhood Care and Development – ECCD)ကို ဥပဒေများနှင့်အညီ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ECCD လုပ်ငန်းတွင် ဖွံ့ဖြိုးမှုနှေးကွေးသော ကလေးသူငယ်များအတွက် မိဘများ၊ မိသားစုဝင်များ၊ ပြုစုစောင့်ရှောက်သူများက ကိုယ်တိုင်သိရှိပြီး ECCD လမ်းကြောင်းပေါ်ကို ရောက်ရှိသွားစေရန် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ကူညီပံ့ပိုးမှုဆိုင်ရာဝန်ဆောင်မှု (Early Childhood Intervention – ECI) လုပ်ငန်းပါဝင်ပါကြောင်း၊ လူသားစွမ်းရည်အရင်းအမြစ်ကောင်းများ ထွက်ပေါ်ရေးအတွက် အကောင်အထည်ဖော်ကြသူများက လုပ်ငန်းကျွမ်းကျင်မှုရှိရန် အရေးကြီးသကဲ့သို့ မိမိ၏ ကျွမ်းကျင်မှုကို အသိအမှတ်ပြုခံရရန်လည်း လိုအပ်ပါကြောင်း။



ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အသိပညာပေးရေးနှင့် ပေါင်းစပ်ဆောင်ရွက်မည့်လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

မိမိတို့၏ ကျွမ်းကျင်မှုကို အာမခံပေးနိုင်မည့် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ – National Skill Standards Authority (NSSA) တွင် ပါဝင်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ကဏ္ဍကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် မည်မျှဆောင်ရွက်နိုင်ပြီကို ပြန်လည်ဆန်းစစ်ရန်လည်း လိုအပ်ပါကြောင်း၊ လက်ရှိတွင် ရှေးဦးအရွယ် ကလေးသူငယ်ကဏ္ဍအတွက် မိခင်ဝိုင်းများ၊ နေ့ကလေးထိန်းကျောင်းများ၊ မူကြိုကျောင်းများ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့၏ဆောင်ရွက်ပေးနိုင်မှုနှင့် အကျိုးခံစားခွင့်ရှိသည့် ကလေးသူငယ်များ၏ ပမာဏသည် မမျှတဘဲရှိနေပါကြောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသော်လည်း လုံလောက်မှုမရှိသေးပါကြောင်း၊ ထို့ကြောင့် ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းများကို ပြည်သူလူထုက အထူးသဖြင့် မိဘများ၊ မိသားစုဝင်များက သိရှိထားပါက မိမိတို့၏ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်မည်ဖြစ်ကြောင်း ပြောကြားသည်။

## ပေါင်းစပ်ညှိနှိုင်းဆွေးနွေး

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းမည့် လုပ်ငန်းစဉ်များ၊ ECCD သင်တန်းများနှင့် ပတ်သက်၍ National Skill Standards Authority (NSSA) အစီအစဉ်တွင် ပါဝင်နိုင်ရေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှ မွေးဖွားသော အသက်(၂)နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်ကို ပြည်သူလူထုအတွင်း အသိပညာပေး ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် Child Development နှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း အသိပညာပေး ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ပြန်လည်ထူထောင်ရေးစခန်း၌ မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်လှစ်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှု၍ သင်တန်းသားများကို အားပေးစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

## အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း သင်တန်းဖွင့်

**မိုးမောက် ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ခုံဆင့်သစ်ကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ကျင်းပရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးသောင်းညွန့်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ၁၅ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ဘာသာရပ်ကြီး သုံးမျိုး၊ လူသုံးကုန်ပစ္စည်း ငါးမျိုး၊ ဖျော်ရည် ငါးမျိုး၊ ယိုမျိုးစုံ ငါးမျိုး စုစုပေါင်း ၁၅ မျိုး သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရွှေဘိုမြို့ ၂၃၀ ကေဗွီ နဘား – ရွှေဘို – အုန်းတော ဓာတ်အားလိုင်းနှင့် ရွှေဘိုပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၁

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနက အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ၂၃၀ ကေဗွီ နဘား – ရွှေဘို – အုန်းတော ဓာတ်အားလိုင်း ၁၇၈ ဒသမ ၅၆ မိုင်နှင့် ၂၃၀/၃၃/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ရွှေဘိုပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပသည်။**






ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရွှေဘိုမြို့ ၂၃၀ ကေဗွီ နဘား – ရွှေဘို – အုန်းတော ဓာတ်အားလိုင်း ၁၇၈ ဒသမ ၅၆ မိုင်နှင့် ၂၃၀/၃၃/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ရွှေဘိုပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

### လျှပ်စစ်ဓာတ်အား ပိုမိုတည်ငြိမ်စွာဖြန့်ဖြူးပေးနိုင်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယခုတည်ဆောက်ခဲ့သည့် ၂၃၀ ကေဗွီ နဘား – ရွှေဘို – အုန်းတော ဓာတ်အားလိုင်း ၁၇၈ ဒသမ ၅၆ မိုင်နှင့် ၂၃၀/၃၃/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ရွှေဘိုပင်မဓာတ်အားခွဲရုံတို့ကို ဗန်းမော်ဒေသရှိ တာပိန်(၁) ရေအားလျှပ်စစ်စက်ရုံမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ငြိမ်၍ ဗို့အားပြည့်မီသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဗို့အားပြည့်မီသော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၃၀ ကေဗွီ ဗန်းမော် – နဘားဓာတ်အားလိုင်း ၇၅ မိုင်၊ ၂၃၀ ကေဗွီ ဗန်းမော်နှင့် နဘားဓာတ်အားခွဲရုံအသစ်နှစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ၂၃၀ ကေဗွီ နဘား – ရွှေဘို – အုန်းတောဓာတ်အားလိုင်း ၁၇၈ ဒသမ ၅၆ မိုင်၊ ၂၃၀ ကေဗွီ ရွှေဘိုဓာတ်အားခွဲရုံနှင့် အုန်းတောဓာတ်အားခွဲရုံတွင် Switch Bay (2) Bays တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ နဘား – ရွှေဘို –အုန်းတော ဓာတ်အားလိုင်း ၁၇၈ ဒသမ ၅၆ မိုင် အနက် ၂၃၀ ကေဗွီ ရွှေဘို – အုန်းတော ဓာတ်အားလိုင်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် စမ်းသပ်ပို့လွှတ်ကာ ရွှေဘိုမြို့ပေါ်နှင့် ရွှေဘိုစက်မှုဇုန်၊ ရေဦးမြို့နယ်နှင့် ခင်ဦးမြို့နယ်များကို လျှပ်စစ်ဓာတ်အား ပိုမိုတည်ငြိမ်ကောင်းမွန်စွာဖြင့် စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကသာ၊ ရွှေကူ၊ ထီးချိုင့်၊ ဗန်းမောက်၊ အင်းတော်၊ မော်လူး၊ မိုးကောင်း၊ မိုးညှင်းမြို့များကို ဓာတ်အားပိုမိုတည်ငြိမ်ကောင်းမွန်စွာဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

### ဗန်းမော် – နဘား ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ

ထို့ပြင် တာပိန်(၁)ရေအားလျှပ်စစ်စက်ရုံမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် အမြန်ဆုံးချိတ်ဆက်ပို့လွှတ်နိုင်ရေး အတွက် ၂၃၀ ကေဗွီ ဗန်းမော် – နဘား ဓာတ်အားလိုင်း ၇၅ မိုင် တည်ဆောက်ခြင်း၊ ဗန်းမော်မြို့တွင် ၂၃၀/၁၁၀/၁၁ ကေဗွီ (၂ x ၁၀၀) အမ်ဗွီအေ၊ ၁၁၀/၆၆ ကေဗွီ ၅၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ နှင့် နဘားမြို့တွင် ၂၃၀/၆၆/၁၁ ကေဗွီ (၂ x ၅၀) အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုလကုန်တွင် ပြီးစီးတော့မည်ဖြစ်ကြောင်း၊ ယခုတွင် ဗန်းမော်မှ ဓာတ်အားဖြန့်ဖြူးရာ၌ နဘားကို ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့်သာ ချိတ်ဆက်ထားပြီး နဘားမှတစ်ဆင့် မိုးကောင်း၊ မိုးညှင်း၊ မြစ်ကြီးနား၊ ဖားကန့် စသည့်မြို့များသို့ မလွှဲမရှောင်သာဘဲ ရှည်လျားစွာဆွဲထားခဲ့ရသည့်အတွက် ဗို့အားမတည်ငြိမ်သည့် အခြေအနေများကို မကြာခဏ ကြုံတွေ့ရလျက်ရှိကြောင်း၊ ယခုတည်ဆောက်ပြီးစီးခဲ့သည့် ၂၃၀ ကေဗွီ နဘား– ရွှေဘို – အုန်းတော ဓာတ်အားလိုင်းနှင့် တစ်ဆက်တည်းဖြစ်သည့် ၂၃၀ ကေဗွီ ဗန်းမော် – နဘားဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများသည် မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်သည့်အတွက် ကာမိုင်း၊ ဖားကန့်၊ တနိုင်း စသည့်မြို့များသို့ အရည်အသွေးပြည့်မီသည့် ဓာတ်အားများ ဆက်လက်ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ၁၃၂ ကေဗွီ ဝါရှောင် – ဝိုင်းမော်နှင့် ၂၃၀ ကေဗွီ ဝိုင်းမော် – နဘားဓာတ်အားလိုင်းများကို အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်၍ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိသည့် မြို့ရွာများသို့ အရည်အသွေးပြည့်မီသည့် လျှပ်စစ်ဓာတ်အားများကို ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်း။



ရွှေဘိုပင်မဓာတ်အားခွဲရုံ

### ၇၅ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနိုင်ရေးကြိုးပမ်း

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်ဘက်ခြမ်းရှိ မြို့/ရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ ညောင်ပင်ကြီး – ဂန့်ဂေါ ဓာတ်အားလိုင်း ၉၅ မိုင် စီမံကိန်းကိုလည်း စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဆက်တည်းတွင် အိန္ဒိယနိုင်ငံနယ်စပ်၌ တည်ရှိသည့် တမူးမြို့နှင့် ပတ်ဝန်းကျင် မြို့၊ ရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ ကလေး–တမူး ဓာတ်အားလိုင်း မိုင် ၉၀ ကို ဆက်လက်တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် ယခင် ၂၀၁၅ ခုနှစ်၌ စုစုပေါင်း ၉၀ ဒသမ ၇ မဂ္ဂါဝပ်ခန့်သာ သုံးစွဲနိုင်ခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် စုစုပေါင်း မဂ္ဂါဝပ် ၂၆၀ အထိ တိုးတက်သုံးစွဲလာနိုင်ခဲ့ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ်တွင် မြို့ ၂၇ မြို့၊ ကျေးရွာ ၁၃၃၅ ရွာ၊ အိမ်ထောင်စု ၃၀၅၁၇၁ စု ၂၇ ဒသမ ၈ ရာခိုင်နှုန်းကိုသာ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပို့လွှတ်နိုင်ခဲ့ရာ ယခုအချိန်ထိ မြို့ပေါင်း ၃၄ မြို့၊ ကျေးရွာ ၂၂၈၉ ရွာ၊ အိမ်ထောင်စု ၄၈၄၀၃၁ စုကို ဓာတ်အားပေးနိုင်ပြီးဖြစ်သည့်အတွက် တိုင်းဒေသကြီးတစ်ခုလုံး၏ Electrification Ratio မှာ ၄၄ ရာခိုင်နှုန်းကျော် လျှပ်စစ်ဓာတ်အားရရှိလျက်ရှိပါကြောင်း၊ ၂၀၂၁ – ၂၀၂၂ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်း နှင့် ၂၀၂၅ – ၂၀၂၆ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားပြီး CCPG ကုမ္ပဏီမှ President Mr. Yu Jun က စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြ၍ ဒေသခံပြည်သူ ဦးချစ်ကိုကိုက ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးသန်းညွန့်ဝင်း၊ ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး၊ တရုတ်နိုင်ငံသံရုံးမှ Economic Counselor Mr. Tan Shufu နှင့် CCPG ကုမ္ပဏီမှ President Mr. Yu Jun တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့က ရွှေဘိုပင်မဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားများကို စက်ခလုတ်နှိပ်၍ ဗို့အားပြည့်မီစွာ ပို့လွှတ်ဖြန့်ဖြူးပေးကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

## ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၁၁) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၏ အရာထမ်းအခြေခံ သင်တန်းအမှတ်စဉ်(၂၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အုန်းတောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဦးဇော်မိုးဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး စံပြဆုရရှိသူများနှင့် သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၏ အရာထမ်းအခြေခံ သင်တန်းအမှတ်စဉ်(၂၁၁)သို့ ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ ဦးစီးအရာရှိအဆင့်ရှိ အရာထမ်း သင်တန်းသား ၇၁ ဦးနှင့် သင်တန်းသူ ၇၄ ဦးတို့က ရက်သတ္တ ၁၂ ပတ်ကြာ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# သာစွဘုနီ ကန္တရဝတီ

ဆန်းဆွေဦး

**ကယားပြည်နယ်၌ ကယားတိုင်းရင်းသား ကိုးမျိုးတို့အပြင် ဗမာ၊ ရှမ်း၊ ကရင်၊ ပအိုဝ်း၊ အင်းသား စသည့်တိုင်းရင်းသားများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိသည်။ ဇန်နဝါရီ ၁၅ ရက်ကို ကယားပြည်နယ်နေ့အဖြစ် သတ်မှတ်၍ တိုင်းရင်းသားများ ရင်းနှီးချစ်ကြည်စွာဖြင့် အခမ်းအနားကို နှစ်စဉ်ကျင်းပ လာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၆၈)နှစ် ပြည့်မြောက်ပြီ ဖြစ်သည်။**



ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ တောင်ကွဲစေတီတော်။

### ကယားပြည်နယ်

ကယားပြည်နယ်၌ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂၈၆၆၂၇ ဦး ရှိသည်။ ခရိုင်နှစ်ခု၊ မြို့နယ်ခုနစ်ခုနှင့် မြို့သုံးမြို့ဖြင့် ဖွဲ့စည်းထားသည်။ ခရိုင် နှစ်ခုမှာ လွိုင်ကော်ခရိုင်နှင့် ဘော်လခဲခရိုင်တို့ဖြစ်သည်။ လွိုင်ကော်ခရိုင်တွင် လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်နှင့် နမ့်မယ်ခုံမြို့၊ လွိုင်လင်လေးမြို့တို့ ပါဝင်သည်။ ဘော်လခဲခရိုင်တွင် ဘော်လခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်နှင့် ရွာသစ်မြို့တို့ ပါဝင်ကြသည်။ ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး ပြည်နယ်ခုနစ်ခုအနက် အသေးငယ်ဆုံးဖြစ်သည်။ ဧရိယာ ၄၅၂၉ ဒသမ ၅၆ စတုရန်းမိုင် ရှိသည်။ ပြည်နယ်အတွင်း ကယားမျိုးနွယ်စု တိုင်းရင်းသားကိုးမျိုးဖြစ်သော ကယား၊ ကယန်း(ပဒေါင်)၊ ယင်းဘော်၊ ဂေခို၊ လထာ(ဇယိမ်း)၊ ကယော၊ ဂေဘား၊ ယင်းတလဲနှင့် မိုနု(မနုမနော)တို့အပြင် အခြား တိုင်းရင်းသားများဖြစ်သော ရှမ်း၊ ဗမာ၊ ပအိုဝ်း၊ ကရင်၊ အင်းသား၊ လီရှောတို့လည်း ပျံ့နှံ့နေထိုင်ကြသည်။

### ရာဇဝင်သမိုင်း

ရာဇဝင်ထဲမှ ကယားပြည်နယ်ဟု ဆိုလိုက်လျှင် ငွေတောင်ပြည်နှင့် ဒွေးမယ်နော်ကို သတိရတတ်ကြသည်။ ကယားပြည်နယ်သူ ပြည်နယ်သားများသာမက ပြည်ထောင်စုတိုင်းရင်းသားများအားလုံး ဒွေးမယ်နော်ကို သိကြသည်။ ရှေးပဝေသဏီကပင် လူကြီးသူမတို့က သားစဉ်မြေးဆက် ပြောစမှတ်ပြုခဲ့ကြသည့် ဒွေးမယ်နော်နှင့် ညီအစ်မခုနစ်ဖော် ရေကစားခဲ့ကြသော ကန်ခုနစ်ဆင့်သည်လည်း ယနေ့ထက်တိုင် တည်ရှိနေသည်။ ဘေးနားတွင် ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်တို့လည်း ယခုထိရှိသဖြင့် ဒွေးမယ်နော်သည် ချစ်စရာဒေသခံ ငွေတောင်သူကလေးဟု ယုံကြည်ကြသည်။

ဒွေးမယ်နော်နှင့် သုဓနုမင်းသားတို့ အချစ်ဇာတ်လမ်းကို နဝဒေးကြီး၏ မနော်ပျို့နှင့် ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့တို့တွင် ရေးဖွဲ့ခဲ့သလို ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားလက်ထက် အမတ်ပညာရှိ ရွှေတောင်နန္ဒသူကလည်း ငွေတောင်ရတုရကန်ကြီးတစ်ပုဒ် ရေးဖွဲ့ခဲ့သည်။ မြန်မာစာပေအနုပညာတွင် ဒွေးမယ်နော်ဝတ္ထု၊ ပြဇာတ်၊ ရုပ်သေးတို့သည် အထင်အရှားရှိသလို ဇင်းမယ်ပဏ္ဏာသကျမ်းလာ မဟာသုဓနုဇာတ်လည်း ရှိသည်။

ဆာ-ဂျော့စကော့(George Scott) ရေးသားသော အထက်မြန်မာပြည်မှတ်တမ်း(Upper Burma Gazetteer) အရ ပဉ္စမမြောက် ကရင်နီမင်း ဘိုးဖြူလှလက်ထက်တွင် မွန်မြန်မာ မင်းမျိုးမင်းနွယ် မောင်မောင်ဖုန်းနှင့် နောက်လိုက်များအား ပွန်ချောင်းအရှေ့ဘက် စောလုံမြို့တွင် ဟော်နန်းစိုက်စေ၍ နယ်မြေသတ်မှတ်ပေးခဲ့သည်၊ ကန္တရဝတီ၊ ဘော်လခဲ၊ ကြယ်ဖိုးကြီး၊ နောင်ပုလဲ၊ နမ့်မယ်ခုံ၊ ငွေတောင်ပြည်တို့ဖြင့် ပိုင်းခြားအုပ်ချုပ်ခဲ့ကြသည်ဟု ဆိုသည်။ (ယနေ့ထက်တိုင် စောလုံမြို့ဟောင်း၊ စေတီ၊ အုတ်ဂူတို့ တည်ရှိသည်)။

ကယားတိုင်းရင်းသားများသည် ရှေးမြန်မာဘုရင်များနှင့် သာမန်အဆက်အသွယ်သာမက စစ်ရေး၊ အုပ်ချုပ်ရေးတို့တွင်လည်း ပါဝင်ခဲ့ကြသည်။ ရှေးမြန်မာဘုရင်များဖြစ်သော ဘုရင့်နောင်နှင့် အလောင်းမင်းတရားတို့ လက်ထက် ယိုးဒယား(ထိုင်း)နှင့် မဏိပူရသို့ စစ်ချီရာတွင် ကယားအမျိုးသားတပ်များ ပါဝင်ခဲ့ကြသောကြောင့် "ပျိုလေးတို့ အိမ်ခေါင်မိုး ထိုးလာတဲ့ပေဖူးလွှာ ဘာစာတဲ့မေး၊ မေးပါနဲ့အေ၊ ယိုးဒယားငယ်နဲ့၊ ကုလားကိုစစ်ချီတော့၊ ကရင်နီအောင်တပ်က၊ ဆံဖြတ်မောင်စီလို့ရေး၊ လွမ်းစာတဲ့လေး" ဟူသော အလွမ်းဘွဲ့များ ကျန်ရစ်ခဲ့ပေသည်။

မင်းတုန်းမင်းလက်ထက်တွင် မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားနှစ်ပါး အရေးတော်ပုံသင့်၍ နမ့်မယ်ခုံအရပ်သို့ ခိုလှုံဝင်ရောက်လာမှုကိုလည်း တိုက်ထုတ်ပေးခဲ့ကြသည်။ ထို့ပြင် မင်းတုန်းမင်းတရားလက်ထက် ကယားအမျိုးသားခေါင်းဆောင် စော်ဘွားကြီး(စောဖျား) စောလဖော်ကို "ပဗ္ဗတသီဟရာဇာ"ဘွဲ့အပ်နှင်း၍ ကန္တရဝတီမြို့ကို စားစေခဲ့သည်။ (ကန္တရဝတီမြို့ဝင် ကျွန်းကမ္ပည်းတိုင်အား ယနေ့တိုင် စိုက်ထူထားရှိသည်)။ စောလဖော်သည် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့တို့က တစ်ပြည်လုံးကို သိမ်းပိုက်ပြီး၍ အားမတန်သည့်တိုင်အောင် မာန်မလျှော့ဘဲ ၁၈၈၇-၈၈ ခုနှစ်တိုင် ခုခံတွန်းလှန်ခဲ့ပြီးနောက်တွင်မှ လွိုင်ကော်မြို့ကိုတည်ထောင်သူ ဦးသီရိနှင့်အတူ ယိုးဒယား(ထိုင်း) နယ်ဘက်သို့ တိမ်းရှောင်ခဲ့ရသည်။




လွိုင်ကော်မြို့အဝင် မုခ်ဦးနှင့် ကယားပြည်နယ်မှ တိုင်းရင်းသား ကိုးမျိုး။

### နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု ပရိယာယ်

နယ်ချဲ့တို့သည် အထက်မြန်မာပြည်ကို မသိမ်းပိုက်မီ တိုင်းရင်းသားများအကြား သွေးကွဲစေရန်နှင့် အင်အားချည့်နဲ့စေရန် ရည်ရွယ်ပြီး ခရစ်နှစ် ၁၈၇၅ ခုနှစ် ဇွန် ၂၁ ရက်တွင် မြန်မာဘုရင်ကိုယ်စားလှယ် ကင်းဝန်မင်းကြီးနှင့် အိန္ဒိယ ဘုရင်ခံချုပ် ကိုယ်စားလှယ် ဆာဒေါက္ကလပ်(စ်)ဖော်ဆသ် တို့အား လက်မှတ်ရေးထိုးစေ၍ ကရင်နီပြည်နယ်ကို ကန့်သတ် သီးသန့် လွတ်လပ်စွာ နေထိုင်ခွင့်ပေးခဲ့သော်လည်း ကန္တရဝတီစော်ဘွား(စောဖျား)များကို "ဆာနဒ်" ဥပဒေ ပြဋ္ဌာန်းချက် ၁၂ ချက်ဖြင့် ဗြိတိသျှတို့အလိုကျ ချုပ်ချယ်ခဲ့ကြသည်။ အမတ်ကြီး ဦးနီ စတင်တည်ထောင်ခဲ့သော လွိုင် ကော်ဈေးကို သိမ်းပိုက်ခြင်း၊ မော်ချီးမိုင်းကို လက်ဝါးကြီး အုပ်ခြင်း၊ သစ်တောကြီးများမှထွက်ရှိသော ကျွန်းများကို သံလွင်မြစ်ကြောင်းဖြင့် မျှောချသယ်ယူခြင်းတို့ လုပ်ဆောင် ခဲ့ကြသည်။

> **"နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ကယားပြည်နယ်အစိုးရအဖွဲ့သည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အမျိုးသားရင်ကြားစေ့ရေးကို ဦးစားပေးကျင့်သုံး၍ တိုင်းရင်းသားပြည်သူများ တည်ငြိမ်အေးချမ်းလုံခြုံစွာ လက်တွဲနေထိုင်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိ"**

### ကယားပြည်နယ်နှင့် ကယားပြည်နယ်နေ့ ဖြစ်ပေါ်လာပုံ

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ပြည်နယ်နှင့်တိုင်းများ ဖွဲ့စည်းတည်ထောင်ရာ၌ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကရင်နီပြည်နယ်တွင် "ကရင်နီ"အစား "ကယား"အဖြစ် ပြောင်းလဲခေါ်ဆိုရန် ကယားအမျိုးသားခေါင်းဆောင်များက ၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီ ၉ ရက်က ကျင်းပသော မြန်မာနိုင်ငံ တိုင်းပြုပြည်ပြုလွှတ်တော် ဒသမညီလာခံအစည်းအဝေး၌ အဆိုတင်သွင်းခဲ့သည်။

ထို့ကြောင့် ၁၉၅၀ ပြည့်နှစ် မတ် ၁ ရက် နေ့စွဲဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ တရားဌာန(ဥပဒေပြုဌာနခွဲ)က ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မရှင်ကို စဝ်ခွန်ချို၊ ဗိုလ်ခင်မောင်ကလေး၊ ဦးတင်၊ ဒူးဝါးဇော်လွန်း၊ စောနော်တင်ဘွား၊ သတိုးမဟာသရေစည်သူ ဦးချန်ထွန်း၊ မဟာသရေစည်သူ ကပ္ပတိန် မန်းတုံးနုံ၊ မဟာသရေစည်သူ ဦးစိန်၊ ဦးမြင့်ထူး၊ ဦးဖိုးလတ်တို့ ၁၀ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။

ထိုကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်များကို ဦးစံထွန်းအောင်၊ ဝန်ကြီးမန်းဘခိုင်၊ ဝန်ကြီး စဝ်ဝဏ္ဏ၊ ဗိုလ်ခင်မောင်၊ ဗိုလ်ကျော်သန်း၊ ဝါဘော်ဇော်ရစ်၊ တောင်ပိုင်းစော်ဘွားကြီး၊ ကပ္ပတိန် မန်းတုံးနုံ၊ ဦးသန်းညွန့်၊ စောအောင်ပ၊ စောဘရင်၊ စောဂျွန်ဆင် ဒီဖိုးမင်း၊ ဆရာဆာထူး၊ ဦးစိန်၊ နိုင်ငံတော်ရှေ့နေချုပ်နှင့် အတွင်းရေးမှူး ဦးနန်းနွယ်တို့ ၁၆ ဦး ပါဝင်သည့် ကော်မရှင်က စစ်ဆေးခဲ့ပြီး ၁၉၅၁ ခုနှစ်အောက်တိုဘာ ၅ ရက်တွင် ကျင်းပသော တိုင်းပြုပြည်ပြုလွှတ်တော်(ပါလီမန်) စတုဒ္ဒသညီလာခံ၌ အမည်ပြောင်းရန် အများသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ကယားတိုင်းရင်းသားများနှင့် ကယားအမျိုးသားခေါင်းဆောင်များ၏ ကြိုးပမ်းအောင်မြင်မှုကို ဂုဏ်ပြုသည့်အနေဖြင့် ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ စတင်ကာ ကရင်နီပြည်နယ်အစား ကယားပြည်နယ်ဟု အမည်ပြောင်းလဲ သတ်မှတ်ခေါ်တွင်ခဲ့ကြပြီး နှစ်စဉ်နှစ်တိုင်း ထိုနေ့တွင် ကယားပြည်နယ်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

### ယနေ့တိုင်းရင်းသားရေးရာ

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို အစွန့်ရှည်စွာ ထိန်းသိမ်းနိုင်ရေးနှင့် ဆက်လက် ဖွံ့ဖြိုးတိုးတက် ပြန့်ပွားရေးကို အစဉ်တစိုက် ဆောင်ရွက်နိုင်စေရန် လွိုင်ကော်မြို့ နောင်ယားကန်အနီး၌ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီများအတွက် မြေနေရာချထားပေးပြီး ထောက်ပံ့ကူညီပေးလျက်ရှိရာ ယနေ့အထိ တိုင်းရင်းသားကော်မတီ ၁၁ ဖွဲ့တို့၏ ရုံးအဆောက်အအုံ တည်ဆောက်ပြီးစီး၍ လုပ်ငန်းများလည်းပတ်ဆောင်ရွက်နေကြပြီဖြစ်သည်။ ကယားတိုင်းရင်းသား (ကယား၊ ကယန်း၊ ကယော၊ မနုမနော၊ ဂေဘား၊ ယင်းတလဲ) စာပေခြောက်မျိုးဖြင့် ပြုစုထားသော ဒေသသင်ရိုးညွှန်းတမ်း G1၊ G2၊ G3 များကို အတည်ပြုပြဋ္ဌာန်း၍ ပြည်နယ်အတွင်း အခြေခံပညာကျောင်းများတွင် တိုင်းရင်းသား ဆရာ ဆရာမ ၄၄၆ ဦးဖြင့် ကယား၊ ကယော၊ ကယန်း၊ ဂေဘား၊ ရှမ်း၊ ကရင်၊ လီဆူး တိုင်းရင်းသားစာပေများကို လက်ရှိသင်ကြားပြသပေးလျက်ရှိသည်။

ကယားပြည်နယ်မှ အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံသို့ ရောက်ရှိသွားပြီး မိမိနေရပ်ဇာတိသို့ ပြန်လည်ဝင်ရောက်လာသော နေရပ်ပြန်တိုင်းရင်းသားများ သုံးကြိမ်ရှိခဲ့ရာ ပထမအကြိမ် ၇-၅-၂၀၁၈ ရက်နေ့တွင် အိမ်ထောင်စု ငါးစု၊ လူဦးရေ ၂၀ အား လည်းကောင်း၊ ဒုတိယအကြိမ် ၂၁-၂-၂၀၁၉ ရက်နေ့တွင် အိမ်ထောင်စု ၁၅ စု၊ လူဦးရေ ၅၉ ဦးကို လည်းကောင်း၊ တတိယအကြိမ် ၂-၇-၂၀၁၉ ရက်နေ့တွင် ပြည်သူ ၃၂ ဦးအား လည်းကောင်း ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် ကယားပြည်နယ် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးကော်မတီအဖွဲ့မှ လက်ခံကြိုဆိုခြင်း၊ အားပေးစကားပြောကြားပြီး နေရပ်ပြန်ပြည်သူများအား ပြန်လည်နေရာချထားပေး၍ လိုအပ်သည်များ ကူညီခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

### ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီသို့

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ မူဝါဒနှင့်အညီ ကယားပြည်နယ် အစိုးရအဖွဲ့သည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အမျိုးသားရင်ကြားစေ့ရေးကို ဦးစားပေး ကျင့်သုံး၍ တိုင်းရင်းသားပြည်သူများ တည်ငြိမ်အေးချမ်းလုံခြုံစွာ လက်တွဲနေထိုင်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ဤသို့ ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းရင်းသားအဖွဲ့အစည်းများ လက်တွဲပြီး နားလည်မှုရှိစွာ ဆောင်ရွက်ခဲ့၍ ငြိမ်းချမ်းရေးအကျိုးရလဒ်နှင့်အတူ ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ရရှိနေသောကြောင့် အာဆီယံအသန့်ရှင်းဆုံးမြို့ဆုကို လွိုင်ကော်မြို့က ရရှိခဲ့ပြီးဖြစ်သည်။

လွိုင်ကော်မြို့ ကန္တရဝတီပွဲတော်ကွင်း၌ နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့သော ကယားပြည်နယ်နေ့ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ်တွင်လည်း (၆၈)နှစ်မြောက် ကျင်းပမည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ ၁၀ ရက်တိုင်တိုင် ပြခန်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေး မှု အကပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာ အားကစားပြိုင်ပွဲများ၊ ထိုင်းကုန်စည်ပြပွဲများ၊ ပျော်ပွဲရွှင်ပွဲဇာတ်သဘင်နှင့် အငြိမ့်ပွဲများ၊ ကန္တရဝတီမောင်/မယ်ပြိုင်ပွဲများ၊ ဈေးဆိုင်ခန်းများ၊ နိုင်ငံကျော်အဆိုတော်များ ပါဝင်သည့် စတိတ်ရှိုးပွဲများ၊ မြန်မာ့ရိုးရာလက်ဝှေ့နှင့် အခြားအားကစားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးမှ တိုင်းရင်းသားညီအစ်ကို မောင်နှမများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲကြပါရန် ဖိတ် မန္တကပြုလိုက်ရပါသည်။ ။

**ကိုးကား**
**၁၉၇၁ ခုနှစ် ကယားပြည်နယ်ဦးစီးအဖွဲ့မှ ထုတ်ဝေသော သမိုင်းဝင်စာတမ်းများနှင့် ကယားပြည်နယ်**

## ငွေတောင်ပြည်

❋ မြသားနှယ် ငွေတောင်တန်းမှာဖြင့်
စိမ့် စမ်း ရေတံခွန်နှင့်
ပန်းအမွှန် ထုံကြည်ဝင်းတဲ့ပြင်
ဂမုန်းအင် သဇင်သင်းပုံက
ရင်တွင်းဖြင့် ရှင်ကြည်ကြည်
❋ ဘီလူးချောင်းရယ်က
ရွာပေါင်းစုံ လွန်ကျော်၍
လွိုင်ကော်မြို့တော်ကြီးကိုတဲ့
ဖြတ်စီးကာ ဦးတင်ညွတ်တယ်
ပျံ့ဆွတ် သာစည်
❋ တောင်ကွဲမည် စေတီဘုရားကိုဖြင့်
မှုန်ရီရီ မြူခြည်ကြားမှာလ
ဝပ်တွား၍ ဆယ်ဖြာချီ
စုံပြီကွဲ့ ဆုတောင်း
❋ ဖားစည်သံဝေ
ကယားပြည် သည်ဌာနေက
ထုံပေပေ အိုးစည်မောင်းရယ်နှင့်
ငြိမ့်ညောင်းသည် ဆို၊ အကရယ်တို့
ပဏာရပုံ အမြင်ဆန်းပါလိမ့်
“ငွေပြည်သာ” ရိပ်နန်းဟာဖြင့်
စိတ်ချမ်းသာကြောင်း။

မကျည်းတန် (လွိုင်ကော်)

# မြန်မာနိုင်ငံ၌ J series festival ပထမဆုံးအကြိမ်ကျင်းပ

**The executive committee of International Drama Festival in Tokyo က ကြီးမှူးကျင်းသည့် J series festival ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်ကွန်ဗင်းရှင်းစင်တာ (YCC) ၌ ကျင်းပသည်။ အဆိုပါပွဲတော်ကို ၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ထိုင်းနိုင်ငံ၌ ငါးကြိမ်၊ အင်ဒိုနီးရှားနိုင်ငံ၌ နှစ်ကြိမ်၊ ဗီယက်နမ်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့၌ တစ်ကြိမ်စီကျင်းပခဲ့ကာ ယခု ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။**


Mr. Shigemura Hajime


Ms. Hada Michiko


Ms. Milet


Ms. Hirahara Ayaka


မိုရီဆာကီဝင်း

ပွဲတော်တွင် MNTV Channel ၌ ပြသနေသည့် “ကြံ့ရဆုံရ သမီးယောက္ခမ” ဇာတ်လမ်းတွဲ၌ သရုပ်ဆောင်သည့် ဂျပန်နိုင်ငံမှ သရုပ်ဆောင် Ms. Hada Michiko ၊ သရုပ်ဆောင်အဆိုတော် မိုရီဆာကီဝင်း၊ အဆိုတော် Ms. Hirahara Ayaka ၊ အဆိုတော် Ms. Milet နှင့် မြန်မာနိုင်ငံမှ အဆိုတော် AR–T တို့ကTalk Show အစီအစဉ်နှင့် ဖျော်ဖြေမှုများဖြင့် တင်ဆက်ကြပြီး ဂျပန်နိုင်ငံမှ ဒရမ်မာစီးရီးနမူနာ ၁၅ ကားကို ပြသကာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရို မာရူယားမားက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

J series festival ပွဲတော်သို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် အနုပညာရှင်များကို မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည် –

**Mr. Shigemura Hajime (ပွဲစီစဉ်သူ) The executive committee of International Drama Festival in Tokyo ဒုတိယဥက္ကဋ္ဌ**

ဒီပွဲတော်ကို အာရှနိုင်ငံတွေမှာ ကျင်းပလာတာ ခြောက်နှစ်ရှိသွားပြီ။ မြန်မာနိုင်ငံမှာ ဒါပထမဆုံးပါ။ ရည်ရွယ်ချက်ကတော့ ဂျပန်မှာခေတ်စားနေတဲ့ အကြောင်းအရာတွေကို မြန်မာတွေနဲ့ မိတ်ဆက်ပေးပြီး မြန်မာမှာခေတ်စားနေတဲ့ အကြောင်းအရာတွေကို ဂျပန်တွေကို ပြန်ပြီးမိတ်ဆက်ပေးတာပါ။ နှစ်နိုင်ငံ ပိုမိုချစ်ကြည်ရင်းနှီးမှု တိုးပွားလာအောင်လုပ်ဖို့ ဖြစ်ပါတယ်။ အခု မြန်မာနိုင်ငံမှာ ကျင်းပခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။

**သရုပ်ဆောင် Ms. Hada Michiko**

မြန်မာနိုင်ငံမှာ ဒီလိုမျိုး ဂျပန်ဒရမ်မာဇာတ်လမ်းတွေ ပြသနေပြီး ကြည့်ရှုနေတာကို သိရတဲ့အတွက် ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ နောက်ထပ်လည်း ဒီထက်ကောင်းတဲ့ ဂျပန်ဒရမ်မာစီးရီးတွေ ထပ်လွှင့်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ဆက်ပြီး ကြည့်ရှုကြပါ၊ အားပေးမယ်လို့လည်း မျှော်လင့်ပါတယ်။ ဂျပန်နဲ့ မြန်မာနိုင်ငံက တော်တော်များများ တူညီတဲ့အတွက် နောက်ပိုင်းမှာလည်း မြန်မာလူမျိုးတွေနဲ့ အတူတူတွဲပြီးတော့ အနာဂတ်မှာလည်း ကောင်းမွန်မှုတွေရရှိမယ်လို့ ထင်ပါတယ်။

**အဆိုတော် Ms. Milet**

ကျွန်မရဲ့ တန်ဖိုးရှိတဲ့ ပထမဆုံးသီချင်းကို မြန်မာနိုင်ငံမှာ ဆိုခွင့်ရခဲ့တဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ အနုပညာကနေတစ်ဆင့် ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ ချစ်ကြည်ရေးကို ပိုမိုတိုးတက်စေချင်ပါတယ်။ ဒီအခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။

**အဆိုတော် Ms. Hirahara Ayaka**

“အိပ်မက်တွေမိုးထားတဲ့အိမ်” ဇာတ်လမ်းတွဲမှာပါတဲ့ ဇာတ်ဝင်တေး “တကယ်လို့” သီချင်းကို ရေးစပ်ခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ မိုရီဆာကီဝင်းနဲ့ တွဲဆိုခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဆိုတဲ့သီချင်းက လူအများရဲ့ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် အောင်မြင်သွားတဲ့ သီချင်းဖြစ်ပါတယ်။ ဒီသီချင်းကို အနာဂတ်မှာ မြန်မာလူမျိုးတွေ လက်ခံသွားနိုင်မယ်ဆိုရင် ကျွန်မအနေနဲ့ ဝမ်းသာမိပါတယ်။ ဒီနေ့ J series ပွဲတော်အတွက် ပူးပေါင်းဆောင်ရွက်ပေးတဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**သရုပ်ဆောင် အဆိုတော် မိုရီဆာကီဝင်း**

ဂျပန်နိုင်ငံက ဒရမ်မာစီးရီးတွေကို မြန်မာနိုင်ငံမှာ ပြသခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ နောက်ပိုင်းလည်း ဆက်ပြီးအားပေးပါလို့ ကျွန်တော် ပြောချင်ပါတယ်။ ကျွန်တော်က မြန်မာနိုင်ငံက ဒရမ်မာစီးရီးမှာ ပထမဦးဆုံး ပါဝင်တာဖြစ်ပါတယ်။ ကျွန်တော့်ဇာတ်လမ်းတွဲကို ပြသဖို့နီးလာပြီလို့ သိရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီပွဲဖြစ်မြောက်အောင် စီစဉ်ပေးတဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

ယခုနှစ် ဂျပန်–မြန်မာ ရုပ်ရှင်ပွဲတော် ၂၀၂၀ ကို ဖေဖော်ဝါရီ ၉ ရက်တွင် Thuwunna Bhumi Event Park ၌ ကျင်းပသွားမည်ဖြစ်ရာ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ Sophia Everest ၊ Project K အဖွဲ့၊ ဂျပန်နိုင်ငံမှ အဆိုတော် Ms. Hirahara Ayaka ၊ သရုပ်ဆောင်အဆိုတော် မိုရီဆာကီဝင်းတို့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ဂျပန်–မြန်မာကုမ္ပဏီများမှ ဆိုင်ခန်းများကို ကြည့်ရှုအားပေးရင်း ဂျပန်အစားအစာများကိုလည်း ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း– ရီရီမြင့်**
**ဓာတ်ပုံ– လှမိုး**

# ကွဲအက်ပြိုကျပျက်စီးသွားသော ညောင်တုန်းမြစ်ကမ်းရေကာတာကို ရေပေါ်လှိုင်းကာများ တည်ဆောက်၍ ကာကွယ်ထိန်းသိမ်း

**ညောင်တုန်း ဇန်နဝါရီ ၁၁**

**ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ပန်းလှိုင်မြစ်ရေတိုက်စားမှုကြောင့် ၂၂ လမ်း မြစ်ကမ်းရေကာတာနှင့် အုတ်ရိုးများ ကွဲအက်ကျိုးပြတ်ပျက်စီးသွားသော ရေကာတာတွင် ဆက်လက်၍ ပြိုကျမှုများ မဖြစ်စေရေးအတွက် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။**

ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အထိ အဆိုပါရေကာတာတွင် အက်ကြောင်းကြီးများ ဖြစ်ပေါ်ခဲ့ပြီး အလျား ပေ ၃၀၀ ကျော်ခန့်၊ အနက် ၁၅ ပေခန့် ကွဲအက်ပြိုကျပျက်စီးခဲ့ခြင်း ဖြစ်သည်။

**ကာကွယ်ထိန်းသိမ်း**

ယခုအခါ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဆိုပါနေရာတွင် ရေပေါ်ရေအောက်ရေစီးအား ထိန်းသိမ်းနိုင်ရေးနှင့် ဆက်လက်ပြိုကျမှု လျော့နည်းစေရေးအတွက် ရေပေါ်လှိုင်းကာများ အမြန်တည်ဆောက်ကာ ကာကွယ်ထိန်းသိမ်းလျက်ရှိသည်။

အဆိုပါကွဲအက်ပြိုကျပျက်စီးသွားသော ရေကာတာ မြစ်ကမ်းသို့ တာဝန်ရှိသူများ လာရောက်လေ့လာကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည့် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ကျောက်စီနံရံများတည်ဆောက်**

ညောင်တုန်းမြို့ ကျွန်းထိပ်ပိုင်းမှ ၄၁ လမ်းဇက်ဆိပ်အထိ ရှည်လျားသော ရေကာတာတစ်လျှောက်တွင် နိုင်ငံတော်မှ နှစ်စဉ် ငွေလုံးငွေရင်းမြောက်မြားစွာ အကုန်အကျခံကာ ရေကာတာနှင့် အုတ်ရိုးများ တည်ဆောက်ခြင်း၊ မြစ်ကမ်းအခြေတွင် သံကူကွန်ကရစ်ဘိုးပိုင်များ တည်ဆောက်ခြင်း၊ ကျောက်စီနံရံများ တည်ဆောက်ခြင်း ဆောင်ရွက်ပေးခဲ့သည်။

**ပြိုကျပျက်စီး**

ယခုပြိုကျပျက်စီးသွားသော နေရာမှာ ယခုနှစ် နွေရာသီတွင် သံကူကွန်ကရစ်ဘိုးပိုင်နှင့် ကျောက်စီနံရံများ တည်ဆောက်ရန် စီစဉ်ထားသောနေရာဖြစ်ကြောင်းနှင့် မဆောက်နိုင်သေးမီ ကွဲအက်နိမ့်ကျပျက်စီးသွားခြင်း ဖြစ်ကြောင်း သိရသည်။

**နေလင်း (ညောင်တုန်း)**


မြစ်ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားသည့်နေရာ၌ ရေပေါ်လှိုင်းကာများ တည်ဆောက်နေစဉ်။

# သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း၏ စာသင်ဆောင်၊ ကျောင်းသူအိပ်ဆောင်နှင့် ထမင်းစားဆောင်ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့်အတူ ယနေ့ နံနက်ပိုင်းက ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း၌ ကျင်းပသည့် သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း၏ စာသင်ဆောင်၊ ကျောင်းသူအိပ်ဆောင်နှင့် ထမင်းစားဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ် (ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန) ဒေါက်တာတင်တင်လေး၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦးတို့က သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း၏ စာသင်ဆောင်၊ ကျောင်းသူအိပ်ဆောင်နှင့် ထမင်းစားဆောင်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း၏ စာသင်ဆောင်၊ ကျောင်းသူအိပ်ဆောင်နှင့် ထမင်းစားဆောင်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

### နိုင်ငံတကာအဆင့်မီဖြစ်စေရေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် လူနာများအား ပြုစုကုသမှု၊ လူနာများ ဘေးကင်းလုံခြုံမှုကိစ္စရပ်များတွင် သူနာပြုများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သူနာပြုသားဖွားကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးကိစ္စရပ်များကို ဦးစားပေးသတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သူနာပြုသင်တန်းကျောင်းများတွင် အသုံးပြုသော သင်ရိုးညွှန်းတမ်းများကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်များနှင့် ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီဖြစ်စေရေး ရေးဆွဲခဲ့ပါကြောင်း။

ရွှေဘို၊ မြောင်းမြနှင့် ဟားခါးမြို့တို့တွင်လည်း သူနာပြုသင်တန်းကျောင်းများကို အသစ်ဖွင့်လှစ်ခဲ့ပြီး သူနာပြုသင်တန်းကျောင်းများတွင်လည်း ယခင်က တစ်နှစ်လျှင် စုစုပေါင်း ၁၈၀၀ ခန့်သာ လေ့ကျင့်မွေးထုတ်ပေးခဲ့ရာမှ (၂၀၁၈-၁၉) ခု ပညာသင်နှစ်မှ စတင်၍ ၃၆၀၀ အထိ တိုးမြှင့်ခေါ်ယူလေ့ကျင့်နိုင်ရန်အတွက် လိုအပ်သည့် အရင်းအမြစ်များကို ဖြည့်ဆည်းကာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော သူနာပြုလူ့စွမ်းအားအရင်းအမြစ်များ ထပ်မံတိုးမြှင့်လေ့ကျင့်ပေးနိုင်ရန်အတွက် လိုအပ်သည့် နည်းပြဆရာ ဆရာမ၊ အဆောက်အဦ၊ သင်ကြားမှု အထောက်အကူပြုပစ္စည်းများ၊ ဘဏ္ဍာငွေစသည်တို့ကို တိကျစွာသိရှိချမှတ်နိုင်ရေးအတွက် ဘက်စုံခြုံငုံသုံးသပ်မှုများလည်း ပြုလုပ်စေလိုပါကြောင်း။

### လက်တွေ့သင်ကြားခြင်းများ ပိုမိုကောင်းမွန်စေရေး

သူနာပြုသားဖွားသင်တန်းကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ သူနာပြုသားဖွားသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအနေဖြင့် ပုံမှန်တွေ့ဆုံဆွေးနွေးခြင်း၊ အတွေ့အကြုံဝေမျှခြင်းများကို ပြုလုပ်ကြစေလိုပါကြောင်း၊ သင်ကြားရေးဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်များနှင့်လည်း ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကာ သူနာပြုစုကုသမှု လက်တွေ့သင်ကြားခြင်းများ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ကြစေလိုပါကြောင်း။

ထို့အပြင် သူနာပြုသင်တန်းသူ၊ သင်တန်းသားများထံမှ အကြံပြုချက်များကိုလည်း ရယူ၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများရှိ စာကြည့်တိုက်များတွင် သက်ဆိုင်ရာပညာရပ်စာအုပ်စာတမ်းများအပါအဝင် လိုအပ်သည့် စာအုပ်စာတမ်းများ စုံလင်စွာထားရှိကာ သင်တန်းသူ၊ သင်တန်းသားများ စာကြည့်တိုက်ကို ပိုမိုအသုံးချလေ့လာစေရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် “အမျိုးသားအဆင့် သူနာပြုနှင့်သားဖွားနှီးနှောဖလှယ်ပွဲ” နှင့် ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သည့် “သူနာပြုနှင့် သားဖွားပညာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ” တို့မှ ထွက်ပေါ်လာသော အကြံပြုချက်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြန်လည်သုံးသပ်ခြင်းနှင့် ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ရန်လိုအပ်သည်များကို အားဖြည့်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားစေလိုပါကြောင်း။

### လူနာများ၏ အားကိုးယုံကြည်မှုများကို ရရှိနိုင်

ဝန်ကြီးဌာနအနေဖြင့် သူနာပြုသိပ္ပံဘွဲ့၊ သူနာပြုသိပ္ပံ (ပေါင်းကူး) On-campus Program၊ သူနာပြုသိပ္ပံ (ပေါင်းကူး) Off-campus Program၊ သူနာပြုဒီပလိုမာသင်တန်းများဖြင့် သူနာပြုများကို မွေးထုတ်လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ ယခုသင်တန်းတက်ရောက်နေသော သူနာပြုသင်တန်းသူ၊ သင်တန်းသားများအနေဖြင့်လည်း အထူးပြုသူနာပြုသင်တန်းများ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ တက်ရောက်နိုင်သည်အထိ ကြိုးပမ်းကြစေလိုပါကြောင်း၊ သူနာပြုများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သူနာပြုအဓိဋ္ဌာန်သစ္စာနှင့်အညီ၊ သူနာပြုကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် လူနာများ၏ အားကိုးယုံကြည်မှုများကို ရရှိနိုင်ရုံသာမက လုပ်ဖော်ကိုင်ဖက် ဆေးနှင့်ဆေးနှီးနွှယ်ပညာရှင်များကလည်း လေးစားကြမည်ဖြစ်ပါကြောင်း။

သူနာပြုသင်တန်းသူ၊ သင်တန်းသားများအနေဖြင့် စာပေပညာရပ်များ၊ လက်တွေ့ သူနာပြုစုမှုပညာရပ်များကို သင်ယူလေ့ကျင့်ရုံသာမက ကိုယ်လက်လှုပ်ရှားအားကစားကိုလည်း ပြုလုပ်ကြစေလိုပါကြောင်း၊ သင်တန်းကျောင်းပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ပံ့ပိုးစေလိုပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် သူနာပြုနှင့် သားဖွားကဏ္ဍ ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအတွက် ဦးစားပေးသတ်မှတ်ကာ ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက အမှာစကားပြောကြားပြီး သူနာပြုနှီးနွှယ်ကွင်းဆင်း လေ့ကျင့်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်မိခင်စောမူက သင်တန်းကျောင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်း အဆောင်သစ်များ၊ စာသင်ဆောင်များ၊ စာကြည့်တိုက်နှင့် လက်တွေ့ပုံတူ သရုပ်ပြသင်ကြားခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပသည့် “ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ၊ Niigata University တို့ ပူးပေါင်းဆောင်ရွက်မှု နှစ်(၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနား” သို့ တက်ရောက်ခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ၊ Niigata University တို့ နှစ်ပေါင်း ၂၀ ကြာ ပူးပေါင်းဆောင်ရွက်မှုများသည် ဝန်ကြီးဌာနအတွက် များစွာအကျိုးရှိစေခဲ့ပါကြောင်း၊ Niigata University မှ ခေတ်မီနောက်ဆုံးပေါ် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၊ သုတေသနပိုင်းဆိုင်ရာ၊ ပညာရပ်ပိုင်းဆိုင်ရာများ၊ ခွဲစိတ်ခွဲမှုပိုင်းဆိုင်ရာ ဝေမျှခဲ့မှုကြောင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ မြင့်မားလာကာ ဝန်ကြီးဌာနနှင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် များစွာအထောက်အကူပြုနိုင်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲဌာန (NHL) နှင့် Niigata University တို့သည် “ရာသီတုပ်ကွေးရောဂါစောင့်ကြပ်ကြည့်ရှုမှုသုတေသနလုပ်ငန်းများ” ကိုလည်း ၂၀၀၄ ခုနှစ်မှ စတင်၍ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ အဆိုပါလုပ်ငန်းဆောင်ရွက်မှုနေရာနှစ်ခုကို ထပ်မံတိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ၂၀၁၇ ခုနှစ်တွင် ရာသီတုပ်ကွေးရောဂါပျံ့နှံ့ဖြစ်ပွားမှုဖြစ်စဉ်၌လည်း Niigata University မှ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပံ့ပိုးမှုများဆောင်ရွက်ခဲ့သည်ကို ကျေးဇူးတင်ရှိပါကြောင်း။

### အတွေ့အကြုံများကို ပြန်လည်ဝေမျှပေးစေလို

Niigata University တွင် ပညာတော်သင်သွားရောက်ခဲ့သည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပညာတော်သင်ပြီးဆုံး၍ ပြန်လည်တာဝန်ထမ်းဆောင်သည့်အခါ သင်ကြားသင်ယူမှု အတွေ့အကြုံများကို ပြန်လည်ဝေမျှပေးစေလိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများမှ ရလဒ်နှင့်တွေ့ရှိချက်များကို လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ်အကျိုးရှိစွာ အသုံးချဆောင်ရွက်စေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကာ ပြည်သူလူထုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များ ဖော်ထုတ်ဆောင်ရွက်စေလိုပါကြောင်း။

Niigata University အနေဖြင့် ဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ တက္ကသိုလ်များနှင့် သဘောတူညီမှုစာချွန်လွှာနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကာ အဆင့်အတန်းမြင့်မားသည့် သုတေသနလုပ်ငန်းများအပါအဝင် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Deputy chief of mission ဖြစ်သူ Mr. Toru Maeda နှင့် Niigata University မှ ဥက္ကဋ္ဌ Professor Sugata Takahashi တို့ က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Niigata University တို့သည် လာမည့် ငါးနှစ်တာကာလအတွင်း လက်ရှိဆောင်ရွက်နေသည့် ရာသီတုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအပြင် ကိုယ်ဝန်ဆောင်မိခင်များကို ရာသီတုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းဖြင့် မွေးဖွားလာမည့် ကလေးငယ်များကို တုပ်ကွေးရောဂါကာကွယ်ပေးနိုင်ခြင်း ရှိ၊ မရှိ သုတေသနလုပ်ငန်းနှင့် ကလေးများတွင် ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားမှုအခြေအနေလေ့လာခြင်းလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်သွားရန် ဆွေးနွေးသဘောတူညီမှုရရှိခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၊ ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း နှင့် အတူ မွန်းလွဲပိုင်းတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) ၌ ကျင်းပခဲ့သော “မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ဖွင့်ပွဲအခမ်းအနား” သို့ တက်ရောက်သည်။

*စာမျက်နှာ ၉ သို့*

# မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီးရှိ အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ဘာသာရပ်အလိုက် ပညာရည်ချွန်ပထမဆုရ မောင်သန်းနိုင်ဝင်း၊ မဇင်မာဝင်း၊ မပေရယ်တင့်ဆွေ၊ မောင်ဖွဲ့လကျ်ာထွဋ်၊ မောင်ဝင်းဝင်းအောင်၊ မမေသူကျော်၊ မသန့်ဇံဇံဝင်း၊ စောစည်သူထွန်း၊ မောင်မင်းမော်ထွန်းနှင့် မောင်မျိုးမြင့်ပိုင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တော်ဝင်ရေယာဉ်ဗိသုကာ အသင်း(အင်္ဂလန်)၏ RINA Myanma Shipyard Award ရွှေတံဆိပ်ဆုနှင့် ငွေကျပ်နှစ်သိန်းကို မောင်ဖွဲ့လကျ်ာထွဋ်အား လည်းကောင်း၊ Hutchison Port Holdings (Hong kong) ၏ Best Port & Harbour Engineer Student Prize HPH ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ ကို မမေသူကျော်အား လည်းကောင်း၊ Maersk Line (Shipping Co.,Ltd) ၏ ပညာရည်ချွန်ဆု Best Marine Electrical System & Electronics Engineer Student Prize ဆု ငွေကျပ်နှစ်သိန်းကို စောစည်သူထွန်းအား လည်းကောင်း၊ ဂျပန်နိုင်ငံ Furuno Electric Co.,Ltd မှ ပညာရည်ချွန်ဆု Best Nautical Science Student Prize ကို မောင်မျိုးမြင့်ပိုင်အား လည်းကောင်း၊ ဂျပန်နိုင်ငံ Yanmar Co., Ltd မှ Best Marine Engineer Student Prize ရွှေနာရီဆုကို မောင်ဝင်းဝင်းအောင်အား လည်းကောင်း၊ Starhigh – Asia Pacific Pte.,Ltd မှ ပညာရည် ချွန်ဆုနှင့် Best River & Coastal Engineer Student Prize အမေရိကန်ဒေါ်လာ ၁၀၀၀ ကို မသန့်ဇံဇံဝင်းအား လည်းကောင်း၊ Brilliance Marine Training Center မှ ပညာရည်ချွန်ဆု Best Marine Mechanical Engineer Student Prize ဆု ငွေကျပ် သုံးသိန်းကို မောင်မင်းမော်ထွန်းအား လည်းကောင်း၊ Myanmar Excellent Stars Maritime Training Center ၏ Chief Mate COC Exam အတွက် ပညာသင်ဆုနှင့် အမေရိကန်ဒေါ်လာ ၂၀၀ ကို မောင်မျိုးမြင့်ပိုင်အား လည်းကောင်း ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ရေယာဉ်တည်ဆောက်မှုပညာဘွဲ့ရ ၃၀၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ရ ၅၅ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ ၂၅ ဦး၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘွဲ့ရ ၁၀ ဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ်ပညာဘွဲ့ရ ၂၃ ဦး၊ ရေကြောင်းစက်မှုအင်ဂျင်နီယာဘွဲ့ရ ၄၂ ဦး၊ ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ရ ၅၅ ဦး၊ ရေကြောင်းသိပ္ပံဘွဲ့ရ ၁၁ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၃၃ ဦးနှင့် ထောက်ပံ့သယ်ယူပို့ဆောင်ရေး ဒီပလိုမာ ၁၃၁ ဦးတို့ကို သက်ဆိုင်ရာ ဘွဲ့လက်မှတ်နှင့် ဒီပလိုမာဘွဲ့ လက်မှတ်များကို ပေးအပ်သည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သည် ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ဘွဲ့နှင်းသဘင် အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ရာ ရေကြောင်းဘက်ဆိုင်ရာ ဘွဲ့နှင့် ဒီပလိုမာဘွဲ့ရကျောင်းသားကျောင်းသူ စုစုပေါင်း ၅၂၈၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# ပဲခွယ်ကုန်းအသင်း(ရန်ကုန်)၏ ဆဌမအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ပဲခွယ်ကုန်းအသင်း(ရန်ကုန်)၏ ဆဌမအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ မဟာဝိဇယစေတီတော်ဝင်းအတွင်းရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပဲခွယ်ကုန်းအသင်း(ရန်ကုန်)၏ နာယကအဖွဲ့ဝင် ဦးထွန်းကြိုင် က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးငြိမ်းမောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကို စတင်ရာ ပဲခွယ်ကုန်းအသင်း(ရန်ကုန်)၏ အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို တင်သွင်းဖတ်ကြားခြင်း၊ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားခြင်း၊ ရှေ့လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးခြင်းနှင့် အမှုဆောင်အသစ်ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပဲခွယ်ကုန်းအသင်းဝင် အသက် ၈၀ နှင့်အထက် သက်ကြီး အဘိုး အဘွား ၂၅ ဦးအား ပူဇော်ကန်တော့ကာ ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၆ ဦးအား အသင်းတာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပဲခွယ်ကုန်းအသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးငြိမ်းမောင်က "အခမ်းအနားမှာ လူငယ်လေးတွေ ပညာရေးနဲ့ ပတ်သက်ပြီး အားတက်သရောဖြစ်လာအောင်၊ ပိုပြီးကြိုး စားချင်စိတ်တွေဖြစ်လာအောင် တက္ကသိုလ်ဝင်တန်း မှာ ဂုဏ်ထူးနဲ့ ထူးချွန်စွာအောင်မြင်ခဲ့တဲ့သူတွေကို ထိုက်ထိုက်တန်တန်နဲ့ ဂုဏ်ပြုချီးမြှင့်မှုတွေလုပ်တယ်။ သက်ကြီးပူဇော်ပွဲဆိုရင်လည်း အသက် ၈၀ နဲ့အထက် အဘိုးအဘွားတွေကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ပြီးတော့ ကန်တော့ခဲ့တာ စတုတ္ထအကြိမ်မြောက် ရောက်ရှိလာခဲ့ပါပြီ။ အခုလိုကျင်းပခြင်းအားဖြင့် အသင်းရဲ့ပုံရိပ်ဟာ ပိုပြီးမြင့်မားတိုးတက်လာမယ်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းတွေကို ဒီထက်မက ပိုပြီးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဇာတိမြေ ပဲခွယ်ကုန်းသား၊ ပဲခွယ်ကုန်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်ကိစ္စရပ်များကို ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်ရန်၊ စုစုစည်းစည်းဖြင့် ရိုးရာပွဲတော်များ ကျင်းပနိုင်ရန်၊ လူငယ်များ ပညာရည်ထူးချွန်တိုးတက်ကာ နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပဲခွယ်ကုန်းအသင်း(ရန်ကုန်)ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ အသင်းဝင်အင်အား ၈၀၀ ခန့်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## ထူးခြားသည့် အနိမ့်ဆုံးညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ထူးခြားသည့် အနိမ့်ဆုံးညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ ရမ်ကလောင်းတွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် မိုင်းယန်းမြို့၊ တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးအနည်းငယ်ရွာနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၈ မှ*

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦး၊ မွေးကင်းစအထူးကုဆရာဝန်ကြီး (ငြိမ်း) ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်တို့က နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ကို ယခုကဲ့သို့အောင်မြင်စွာ ဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/ ဌာနမှူးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိ ဂုဏ်ပြုပါကြောင်း၊ ဤကဲ့သို့ မိခင်နို့ရည်ဘဏ်ကို တည်ထောင်နိုင်ခြင်းကြောင့် အကြောင်းအမျိုးမျိုးကြောင့် မိခင်နို့ရည်မရရှိနိုင်သော နာမကျန်းမိခင်များ၏ ကလေးများ၊ မိခင်သေဆုံးသွားသူကလေးများ၊ စွန့်ပစ်ခံကလေးများ၊ လမစေ့၊ ကိုယ်အလေးချိန်မပြည့်ဘဲ မွေးဖွားသော ကလေးများအတွက် အထူးအကျိုးရှိမည် ဖြစ်ပါကြောင်း၊ လူသားမိခင်နို့ကို သောက်သုံးရခြင်းဖြင့် ကလေးငယ်များ၏ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ ဦးနှောက်ဖွံ့ဖြိုးမှုသာမက ရောဂါပိုးများကို ခုခံနိုင်သည့် ကိုယ်ခံအား ပဋိပစ္စည်းများကို ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

မိခင်နို့ရည်ကို မည်သည့်နို့အမျိုးအစား၊ မည်သည့်အာဟာရနှင့်မျှ အစားထိုး၍ မရပါကြောင်း၊ မိခင်နို့သည် နို့မှုန့်နှင့် အခြားနို့ထွက်ပစ္စည်းများထက်မဆို အဆများစွာ ဘေးအန္တရာယ်ကင်းပြီး အကျိုးကျေးဇူးရှိပါကြောင်း၊ ယခုလို နို့တိုက်မိခင်များထံမှ မိခင်နို့ရည်များကို စနစ်တကျစုဆောင်းပြီး တိုက်ကျွေးနိုင်ခြင်းကြောင့် မွေးကင်းစကလေးသေဆုံး၊ တစ်နှစ်အောက်နှင့် ငါးနှစ်အောက် ကလေးသေဆုံးမှုများ လျော့နည်းကျဆင်းလာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် မိခင်နို့ရည်ဘဏ်ကို ၁၉၉၄ ခုနှစ်တွင် ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၊ မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်၌ အငြိမ်းစားပါမောက္ခဒေါက်တာ စန်းစန်းမြင့်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နိုင်ငံတကာအဆင့်မီ ခေတ်မီစက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး ဆန်းစစ်သုံးသပ်ခြင်းများ ပြုလုပ်ခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်များပြုစုရေးဆွဲခြင်းများ ပြုလုပ်၍ မြန်မာနိုင်ငံ၏ ပထမဆုံးနိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ကို ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နို့တိုက်မိခင်များမှ လှူဒါန်းသော နို့ရည်များကို ရောဂါပိုးကင်းရှင်းအောင် သန့်စင်သော နို့ပေါင်းခံစက် (human milk pasteurizer) ကို ယခုမိခင်နို့ရည်ဘဏ်ဖွင့်လှစ်နိုင်ရေးအတွက် ဝယ်ယူပံ့ပိုးပေးခဲ့ပြီး အလှူရှင်များကလည်း အခြားစက်ပစ္စည်းကိရိယာများနှင့် လိုအပ်ချက်များကို စေတနာထက်သန်စွာဖြင့် လှူဒါန်းပေးခဲ့ပါကြောင်း။

ထို့အပြင် ရန်ကုန်ကလေးဆေးရုံကြီး၊ ရန်ကင်းကလေးဆေးရုံကြီး၊ မြောက်ဥက္ကလာပသင်ကြားရေးဆေးရုံကြီး၊ မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံကြီးနှင့် တောင်ကြီးအမျိုးသမီးနှင့်ကလေးဆေးရုံကြီးတို့အတွက် နို့ရည်များကို ရောဂါပိုးကင်းရှင်းအောင် သန့်စင်သော နို့ပေါင်းခံစက် (human milk pasteurizer) တစ်လုံးစီကို ဝယ်ယူထားပြီးဖြစ်ကာ ဤကဲ့သို့ နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်များ တည်ထောင်နိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံကြီးများတွင်လည်း နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်များ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားနိုင်ရေး အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာ ခင်ပြုံးကြည်နှင့် Alive and Thrive ၏ Regional Technical Specialist ဖြစ်သူ Ms. Jennifer Cashin တို့က နှုတ်ခွန်းဆက်စကား အသီးသီးပြောကြားခဲ့ပြီး မွေးကင်းစအထူးကုဆရာဝန်ကြီး (ငြိမ်း) ပါမောက္ခ ဒေါက်တာစန်းစန်းမြင့် က မိခင်နို့ရည်ဘဏ်အကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်အတွက် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို အလှူငွေမတည်သူ ဒေါက်တာထက်ဇံလင်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မွေးကင်းစကလေးအထူးကု ပါမောက္ခဒေါက်တာ နန့်စမ်းစမ်းအေးက နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ် တည်ဆောက်ခဲ့ပုံများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ကိုယ့်တိုင်းပြည်အကြောင်း၊ အိမ်နီးချင်းနိုင်ငံတွေရဲ့အကြောင်းနဲ့ ကမ္ဘာ့ရေးရာတွေကို မျက်ခြည်မပြတ်စေပါနဲ့။ ကိုယ့်တိုင်းပြည်အကြောင်းကို အတိတ်၊ ပစ္စုပ္ပန်သိမှ အနာဂတ်ကို ဖန်တီးရပါတယ်

ဒေါက်တာခင်မောင်ညွန့်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာနက စီစဉ်ကျင်းပသည့် New Views, Fresh Finds သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ယမန်နေ့က ပန်းဘဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ ကျင်းပခဲ့သည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲတွင် ဖတ်ကြားကြသည့် စာတမ်းရှင်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



ဒေါက်တာခင်မောင်ညွန့်



ဦးထွန်းအောင်ချိန်



ဒေါက်တာသော်ကောင်း



ဦးစိုင်းအောင်ထွန်း

**ဒေါက်တာခင်မောင်ညွန့်**

ဒီနေ့ ဖတ်မယ့် စာတမ်းခေါင်းစဉ်က "Constitutional Changes in Myanmar since British Colonial Period" ဆိုတဲ့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအကြောင်း၊ ဗြိတိသျှကိုလိုနီခေတ်ကစပြီး ယနေ့အထိ အကြောင်းအရာတွေကို ဖတ်ကြားမှာဖြစ်ပါတယ်။ အဓိကကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတဲ့ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံက ဘယ်ဟာမှ ပုံသေမရှိဘူး။ အခြေအနေအချိန်အခါတွေက ပြောင်းလဲနေကြတာဖြစ်ပါတယ်။ ပြောင်းလဲနေတဲ့အခြေအနေတွေပြောင်းမှ ဖွဲ့စည်းအုပ်ချုပ်ပုံက ပြောင်းတာ။ အခု အမေရိကန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက အကောင်းဆုံး စနစ်အကျဆုံးလို့ လူတွေက ထင်ကြတယ်။ ပြီးတော့ အင်္ဂလန်၊ ဂျပန်၊ ရုရှားနိုင်ငံတွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကလည်း ကောင်းတယ်ထင်ကြတယ်။ သူတို့နိုင်ငံတွေကလည်း အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းနေတယ်။ ဒီလိုပဲ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း ပြောင်းလဲလာလိုက်တာ ယနေ့အထိ ပြောင်းလဲနေတယ်။ မျိုးဆက်တွေလည်း သူ့ခေတ်နဲ့ သူ့အတွေးအခေါ်တွေ ပြောင်းကြဦးမှာပဲ။ အဲဒါသဘာဝပဲလို့ ပြောချင်တယ်။ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ကိုယ့်တိုင်းပြည်အကြောင်း၊ အိမ်နီးချင်းနိုင်ငံတွေရဲ့ အကြောင်းနဲ့ ကမ္ဘာ့ရေးရာတွေကို မျက်ခြည်မပြတ်စေပါနဲ့။ ကိုယ့်တိုင်းပြည်အကြောင်းကို အတိတ်၊ ပစ္စုပ္ပန်သိမှ အနာဂတ်ကို ဖန်တီးရပါတယ်။ ဒီအနာဂတ်က ခေတ်လူငယ်တွေ လက်ထဲကို ထည့်ရမှာ ဖြစ်ပါတယ်။ မျိုးဆက်သစ်တို့ တိုးတက်ဖို့ရာအတွက် စာဖတ်ကြပါ။ သတင်းနားထောင်ကြပါ။ နောင်တစ်ခေတ်မှာ နိုင်ငံရဲ့ခေါင်းဆောင်တွေဖြစ်မယ့် မျိုးဆက်သစ်လူငယ်တွေက တိုင်းပြည်ကို ခေါင်းဆောင်နိုင်ရမှာ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ ပင်မယဉ်ကျေးမှု အနှစ်သာရတွေ မပျောက်ပါစေနဲ့၊ ပြည်ပက ကောင်းနိုးရာရာကို အတုယူပေမယ့် ကိုယ်နဲ့ မအပ်စပ်တာတော့ အတုမယူကြပါနဲ့လို့ ပြောလိုပါတယ်။

**ဦးထွန်းအောင်ချိန်**

ကျွန်တော့်စာတမ်းက ၁၇၉၅ ခုနှစ်က မြန်မာနိုင်ငံကိုရောက်လာတဲ့ စကော့လူမျိုးတွေဖြစ်တဲ့ Francis Buchanan နဲ့ John Leyden ၊ အင်္ဂလိပ်လူမျိုးဖြစ်တဲ့ Felix Carey တို့ မြန်မာစာကို လေ့လာတဲ့အကြောင်း ဖြစ်ပါတယ်။ သူတို့က ရှေးဦးလေ့လာခဲ့တဲ့ ပုဂ္ဂိုလ်တွေပါ။ ဟိုတုန်းက မြန်မာစကား၊ မြန်မာစာအကြောင်း လုံးဝမသိတဲ့အခြေအနေကနေ သူတို့လေ့လာခဲ့တယ်။ Francis Buchanan ဆိုရင် ဟိုခေတ်က မြန်မာပြည်မှာ တိုင်းရင်းသားတွေလည်း ရှိတဲ့အကြောင်း၊ ချင်း၊ ရှမ်း၊ ကရင်၊ မွန် စသဖြင့် ဘာသာစကားတွေလည်း ထွန်းကားနေတဲ့အကြောင်း မှတ်တမ်းတင်ခဲ့ပါတယ်။ နောက် John Leyden ကလည်း ထိုခေတ်ကရှိတဲ့ အသုံးအနှုန်းတချို့၊ ခုခေတ်မှာ သိပ်နားမလည်တဲ့ အသုံးအနှုန်းတချို့ကို မှတ်တမ်းတင်ခဲ့တယ်။ Felix Carey ကလည်း မြန်မာသဒ္ဒါကျမ်းကို ပထမဦးဆုံးရေးတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အဲဒါတွေကို တင်ပြတာပါ။ ကျွန်တော့်အနေနဲ့ အခုခေတ်လူငယ်တွေ မြန်မာစာအပေါ် အလေးထားဖို့ ဆန္ဒရှိပါတယ်။ လူငယ်တွေက တစ်ခါတလေ ပြောကြတယ်၊ မြန်မာစာတတ်လို့ ဘာထူးမှာလဲတဲ့၊ မြန်မာစာ မတတ်လို့ကတော့ ကိုယ့်အစဉ်အလာ၊ ကိုယ့်သမိုင်း၊ ကိုယ့်ယဉ်ကျေးမှုကို သိမှာမဟုတ်ဘူး။ နိုင်ငံခြားသားတွေတောင် မြန်မာစာကို အလေးထား လေ့လာခဲ့ကြတာတွေ့ရတော့ ကျွန်တော်တို့လည်း တန်ဖိုးထားဖို့လိုတယ်ဆိုတာ ပြောချင်ပါတယ်။

**ဒေါက်တာသော်ကောင်း**

ကျွန်တော့်စာတမ်းက ရှားပါးတဲ့ဇင်းမယ်ရာဇဝင်ကို စည်သူဂါမဏိသင်္ကြံန်ဆိုတဲ့ ပညာရှင်ကြီးက ပေပေါ်မှာ မြန်မာဘာသာနဲ့ ပြုစုခဲ့တာကို ဖတ်ကြားမှာပါ။ ဒါက မြန်မာတွေ ဇင်းမယ်အကြောင်း ရေးသားထားတဲ့ ရာဇဝင်ပါ။ မြန်မာ့သမိုင်းအဖွဲ့နဲ့ သမိုင်းသုတေသနဦးစီးဌာနက တည်းဖြတ်ပြီး ပုံနှိပ်စာအုပ်ဖြစ်အောင် ပြုစုထားပါတယ်။ ပေစာကို ကျွန်တော်နဲ့ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါ်နီနီမြင့်တို့က ဘာသာပြန်ပါတယ်။ ပြီးတော့ ဆရာကြီး ဦးထွန်းအောင်ချိန်က ပြန်လည်တည်းဖြတ်ပေးပါတယ်။ ပေပေါ်မှာ ရေးသားထားတဲ့ ရှားပါးစာပေတွေဖြစ်လို့ ပညာရှင်တချို့ကလွဲပြီး အများပြည်သူတွေ လက်လှမ်းမမီကြဘူး။ စာအုပ်မှာ နိဒါန်းရှည်ကြီးတွေ၊ မှတ်စုတွေ ဆက်ဖတ်ဖို့ ကျမ်းကိုးတွေပါတယ်။ အဲဒီလို ထုတ်ဝေလိုက်တဲ့အတွက် အများပြည်သူက လေ့လာလို့ရတာပေါ့။ နောက်ပြီး ဇင်းမယ်ဘက်က သမိုင်းပညာရှင်တွေထဲကလည်း စိတ်ဝင်စားတယ်။ အင်္ဂလိပ်ဘာသာဖြစ်တော့ သူတို့လည်း ဖတ်လို့ရတာပါ။ သူတို့ သမိုင်းနဲ့ ဒီစာအုပ်သမိုင်းနဲ့ နည်းနည်းလေး ကွာတယ်။ ဒါတွေက ထူးခြားချက်တွေပါ။ ခုလို ခေတ်မီ အမျိုးသားစာကြည့်တိုက်ကို ဖွင့်နိုင်အောင် ကြိုးစားခဲ့တာ အောင်မြင်သွားပြီဖြစ်တဲ့အတွက် စာတမ်းဖတ်ပွဲကို မကြာခဏ ကျင်းပ နိုင်ပါစေလို့ မျှော်လင့်ပါတယ်။

**ဦးစိုင်းအောင်ထွန်း**

ဒီနေ့ဖတ်မယ့်စာတမ်းကတော့ အခြေခံဥပဒေအကြောင်း သိကောင်းစရာကို ဖတ်မှာပါ။ အခြေခံဥပဒေကို လေ့လာကြတဲ့ ကျောင်းသား ကျောင်းသူတွေသိဖို့ ရည်ရွယ်ထားတယ်။ နိုင်ငံတကာမှာရှိတဲ့ အခြေခံဥပဒေတွေအကြောင်း ရှင်းပြပေးမယ်။ ပါတီစွဲ၊ လူမျိုးစွဲ၊ အဖွဲ့စွဲတော့ မပါဘူး။ အရင်တုန်းက လူမှုရေးသိပ္ပံဘာသာရပ်ကို သင်ကြားခဲ့ပေမယ့် နောက်ပိုင်းရပ်သွားတယ်။ အခုပြန်သင်တယ်။ ကျောင်းသားကျောင်းသူတွေကလည်း စိတ်ဝင်စားကြတယ်။ နိုင်ငံတော်ရဲ့ အခြေခံဥပဒေကို သိမှလည်း ကျွန်တော်တို့နိုင်ငံကို အကောင်းဆုံး ပြုပြင်လို့ ရမယ်လို့ ယူဆပါတယ်။ ။

**မွန်းဦးနဒီ**

**ဓာတ်ပုံ - ဇော်မင်းလတ်**

# တတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာအရောင်းထည်နှင့် လက်ဝတ်ရတနာပြပွဲ ၂၀၂၀ ဖွင့်ပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၁**

ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း (ရန်ကုန်)မှ ကြီးမှူးကျင်းပသော တတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာပြပွဲ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာပြပွဲ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က " မြန်မာနိုင်ငံဟာ သယံဇာတပစ္စည်း ပေါကြွယ်ဝတဲ့၊ ကျောက်မျက်ရတနာတွေ ထွက်ရှိတဲ့နိုင်ငံ ဖြစ်ပါတယ်။ ကျောက်မျက်ရတနာတွေ ထွက်ပေမယ့်ဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပြည်တွင်းမှာ တည်ဆောက်နိုင်ဖို့ အားနည်းနေခဲ့တယ်။ ဒီအခြေအနေနဲ့ ပတ်သက်ပြီးတော့ ပိုမိုကျယ်ပြန့်တဲ့ဈေးကွက်တစ်ခုတည်ဆောက်နိုင်ဖို့အတွက် ကြိုးစားရမယ်" ဟု ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက အမှာစကားပြောကြားပြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်က ကျေးဇူးတင်စကား ပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက Sealed-Bid Auction ပြခန်းများနှင့် အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ (ဝဲပုံ)

တတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာပြပွဲတွင် ဆိုင်ခန်းပေါင်း ၁၂၀ ကျော် ပါဝင်ရောင်းချသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မျက်မြင်စနစ်ဖြင့် ဈေးညှိနှိုင်းကာ တိုက်ရိုက်ရောင်းဝယ်နိုင်သောစနစ်နှင့် လေလံစနစ်တို့ဖြင့် ထည့်သွင်းရောင်းချသွားမည် ဖြစ်ကြောင်း၊ ယင်းပြပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် / ဆက်)**

# ၂၀၁၉ ခုနှစ်တွင် မန္တလေးခရိုင်အတွင်း မီးလောင်မှု ၈၈ ကြိမ်ဖြစ်ပွား

**မန္တလေး ဇန်နဝါရီ ၁၁**

၂၀၁၉ ခုနှစ်အတွင်း မန္တလေးခရိုင် ခုနစ်မြို့နယ်တွင် မီးလောင်မှုပေါင်း ၈၈ ကြိမ်ဖြစ်ပွားခဲ့ပြီး တန်ဖိုးငွေကျပ် ၂၂ သန်းနီးပါး ဆုံးရှုံးခဲ့ရကြောင်း မန္တလေးခရိုင်မီးသတ်ဦးစီးဌာန မှ သိရသည်။

မန္တလေးခရိုင်အတွင်း ချမ်းအေးသာစံမြို့နယ်တွင် မီးလောင်မှု ခြောက်ကြိမ်၊ အောင်မြေသာစံမြို့နယ်တွင် ၁၃ ကြိမ်၊ မဟာအောင်မြေမြို့နယ်တွင် ၁၆ ကြိမ်၊ ချမ်းမြသာစည်မြို့နယ်တွင် ၁၂ ကြိမ်၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၁၃ ကြိမ်၊ အမရပူရမြို့နယ်တွင် ၁၃ ကြိမ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ၁၅ ကြိမ်ဖြစ်ပွားခဲ့ကြောင်း မန္တလေးခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

၂၀၁၈ ခုနှစ်အတွင်း မီးလောင်မှု ၈၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ချမ်းအေးသာစံ မြို့နယ်တွင် မီးလောင်မှု ၁၀ ကြိမ်၊ အောင်မြေသာစံမြို့နယ်တွင် ၁၂ ကြိမ်၊ မဟာအောင်မြေမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တွင် ၁၄ ကြိမ်စီ၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၁၃ ကြိမ်၊ အမရပူရ မြို့နယ်တွင် ၁၄ ကြိမ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ရှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ဇေယျနှင့်အတူ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဇန်နဝါရီ ၆ ရက်မှ ၉ ရက်အထိ ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များမှာကြား**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ ကော့သောင်းမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက် ပြီးစီးခဲ့သည့် အောင်သာယာကျေးရွာအဝင်လမ်းပေါ်ရှိ ပေ ၅၀ တံတားနှင့် အောင်သာယာ-လုံးတော-နမ္မနွယ်လမ်းပေါ်ရှိ ပေ ၃၀ တံတားနှစ်စင်း၊ ဘုတ်ပြင်းမြို့နယ် ဟန်ကပြူ-ရွာဟောင်းလူလမ်းပေါ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်လမ်း (၆/၄) မိုင်၊ Box Culvert အစင်း ၂၀ တည်ဆောက်နေမှု၊ အဆိုပါလမ်းပေါ်ရှိ ဘေလီတံတား ပေ ၃၀ တံတားနှစ်စင်းနှင့် ပေ ၂၀ တစ်စင်း၊ မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားခဲ့သည့် မြေလမ်း(၁၅/၀)မိုင်ပြုပြင်ခြင်း၊ မြေဖြတ်ခြင်း(၀/၁)မိုင်ဆောင်ရွက်နေမှုများနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ကွန်ကရစ်တံတား ပေ ၁၀၀၊ ၆၅ ပေနှင့် မြေထိန်းနံရံတည်ဆောက်မှုလုပ်ငန်းခွင်များသို့ ရောက်ရှိစစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားခဲ့သည်။

ယင်းနောက် ပြည်ကြီးမဏ္ဍိုင်မြို့ လေညာအနောက်ရပ်ကွက် တန်ဖိုးနည်းအိမ်ရာ ၂၀ ဆောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေး**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၉ ရက်တွင် တနင်္သာရီမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ဘန်လော-ဘန်တဲ-ကျောက်မီးကျောင်းလမ်းပေါ်ရှိ ကျေးရွာချင်းဆက်မြေသားလမ်း (၅/၀) မိုင်နှင့် Box Culvert ကိုးစင်း တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ အဆိုပါလမ်းပေါ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်တံတား ၄၅ ပေ၊ စတိန်သောင်-မမသောင် ကျေးရွာချင်းဆက်ကျောက်ခင်းလမ်း(၁/၂) မိုင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ယခုဆောင်ရွက်နေသော လုပ်ငန်းများသည် ဒေသခံပြည်သူများအတွက် အကျိုးပြုမည့်လုပ်ငန်းများဖြစ်သဖြင့် တာဝန်ခံကုမ္ပဏီများက အချိန်မီပြီးစီးအောင် စေတနာထားဆောင်ရွက်သွားကြရန်နှင့် ဒေသခံပြည်သူများကလည်း လမ်းရေရှည်တည်တံ့ ကောင်းမွန်စေရန် အတွက် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားကြရန် မှာကြားခဲ့ပြီး တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပိုင်းအဆင့်မြှင့်တင်နေမှု ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ဆွီဒင်နိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌတို့ တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်နှင့် ဆွီဒင်နိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ Ms. Margareta Wahlstrom တို့သည် ယမန်နေ့က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း(ရန်ကုန်)ရုံးခွဲ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် ဆွီဒင်နိုင်ငံကြက်ခြေနီအသင်းမှ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြကြောင်း သိရသည်။ **(အောက်ပုံ)** **ဟိန်းမင်းစိုး**



# မလှိုင်မြို့နယ် ကျေးရွာ ၁၄ ရွာအတွက် လျှပ်စစ်မီးရရှိရေး ထရန်စဖော်မာ ၁၅ လုံး တည်ဆောက်မည်

**မလှိုင် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ကျေးရွာ ၁၄ ရွာအတွက် လျှပ်စစ်မီးရရှိရေး ထရန်စဖော်မာ ၁၅ လုံး တည်ဆောက်မည်ဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် မလှိုင်မြို့နယ်ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ကျောက်ဆည်ခွဲရုံ ဖီဒါအထွက် ၁၁ ကေဗွီလိုင်း ၅ မိုင်တည်ဆောက်ခြင်း၊ အုပ်ကြီးကျေးရွာအတွက် ၁၁ ကေဗွီ ၁ ဒသမ ၆ မိုင်နှင့် ၃၁၅ ကေဗွီအေ တစ်လုံး၊ ရေထွက်ကျေးရွာအတွက် ၁၁ ကေဗွီ ၁ ဒသမ ၉ မိုင်နှင့် ၂၀၀ ကေဗွီအေတစ်လုံး၊ လဲတောကျေးရွာအတွက် ၁၁ ကေဗွီ ၁ ဒသမ ၈ မိုင် နှင့် ၂၀၀ ကေဗွီအေတစ်လုံး၊ ရွာသစ်ကြီးကျေးရွာအတွက် ၁၁ ကေဗွီ ၀ ဒသမ ၆ မိုင်နှင့် ၂၀၀ ကေဗွီအေတစ်လုံး၊ ကောက်ကွေ့ကုန်းကျေးရွာအတွက် ၁၁ ကေဗွီ ၀ ဒသမ ၅ မိုင်နှင့် ၁၀၀ ကေဗွီအေတစ်လုံး၊ ထနောင်းကျင်းကျေးရွာအတွက် ၁၁ ကေဗွီ ၀ ဒသမ ၆ မိုင်နှင့် ၁၀၀ ကေဗွီအေတစ်လုံး၊ ရေရှင်ကျေးရွာအတွက် ၁၁ ကေဗွီ ၀ ဒသမ ၅ မိုင်နှင့် ၁၀၀ ကေဗွီအေ တစ်လုံး၊ မြေခြားကျေးရွာ အတွက် ၁၁ ကေဗွီ ၂ မိုင်နှင့် ၁၀၀ ကေဗွီအေ တစ်လုံး၊ ရေဝန်းကျေးရွာ အတွက် ၁၁ ကေဗွီ ၂ မိုင်နှင့် ၁၀၀ ကေဗွီအေ တစ်လုံး၊ သက္ကယ်ကျင်းကျေးရွာအတွက် ၁၁ ကေဗွီ ၂ မိုင်နှင့် ၂၀၀ ကေဗွီအေ တစ်လုံး၊ ၃၁၅ ကေဗွီအေ တစ်လုံး၊ သရက္ကန် (တ)ကျေးရွာအတွက် ၁၁ ကေဗွီ ၁ ဒသမ ၄ မိုင်နှင့် ၂၀၀ ကေဗွီအေ တစ်လုံး၊ သရက္ကန် (မ) ကျေးရွာအတွက် ၁၁ ကေဗွီ ၀ ဒသမ ၅ မိုင်နှင့် ၂၀၀ ကေဗွီအေ တစ်လုံး၊ ဘွက်ငယ်ကျေးရွာအတွက် ၁၁ ကေဗွီ ၁ ဒသမ ၉ မိုင်နှင့် ၃၁၅ ကေဗွီအေ တစ်လုံးတို့ ဆောင်ရွက်မည်ဖြစ်သည်။

မလှိုင်မြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ကျေးရွာ ၂၃ ရွာ မီးလင်းရေးဆောင်ရွက်ခဲ့ပြီး ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ကျေးရွာ ၁၄ ရွာအတွက် လျှပ်စစ်ထရန်စဖော်မာ ၁၅ လုံး တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

# သီပေါမြို့နယ် ပရိယတ္တိစာပြန်ပွဲ အောင်လက်မှတ်ဆက်ကပ်

**သီပေါ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်လုံးဆိုင်ရာ (၁၇)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မပါလရှမ်းဘာသာဖြင့် စာမေး/စာပြန်ပွဲကို ဇန်နဝါရီ ၉ ရက်က အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ ကျင်းပသည်။ ရှမ်းဘာသာဖြင့် ပရိယတ္တိသဒ္ဓမ္မပါလ စာပြန်ပွဲသို့မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၆၇ ကျောင်းတို့မှ ရဟန်းသံဃာတော်နှင့် ရှင်သာမဏေပေါင်း ၃၉၈ ပါး ဖြေဆိုတော်မူကြပြီး စာအောင်သံဃာတော်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းမျိုးထက်ဦး၊ မြို့နယ်သာသနာရေးမှူး ဦးစိုင်းထွန်းအေး၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းစံတင့်နှင့် တာဝန်ရှိသူများက သံဃာတော်များ၊ ရှင်သာမဏေများကို တစ်ပါးချင်းအောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဝွမြို့နယ်၌ လျှပ်စစ်ဝိုင်ယာရိန်းသင်တန်းဖွင့်

**ဝွ ဇန်နဝါရီ ၁၁**

သံတွဲခရိုင် ဝွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးနိုင်စေရန် ရည်ရွယ်၍ လျှပ်စစ်ဝိုင်ယာရိန်းသင်တန်းကို ယမန်နေ့က မြို့နယ်ကျေးလက်ဦးစီးဌာနခန်းမဆောင်၌ ဖွင့်လှစ်သည်။

အခမ်းအနား၌ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းက အဆိုပါသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းအောင်ပြီးပါက မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းနှင့် ပူးပေါင်း၍ မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်လျက် အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ**

# ဆဒ္ဒန်ဂူအင်းအတွင်းရှိ ရေများသန့်စင်စေရန် ဆေးပက်ဖျန်းဆောင်ရွက်

**ဘားအံ ဇန်နဝါရီ ၁၁**

ယခင်နှစ် အောက်တိုဘာလမှစ၍ မိုးရွာသွန်းမှုနည်းပါးခြင်း၊ မုတ်သုံစောထွက်ခြင်း၊ မြစ်ရေ၊ ချောင်းရေ ရေမှတ်များ ကျဆင်းခြင်း၊ ဆဒ္ဒန်ဂူအင်း ပတ်ဝန်းကျင်ဒေသများတွင် စိုက်ပျိုးထားရှိသော မရင်း(နွေစပါး)အောင်ရေ အခက်အခဲဖြစ်၍ ဂူအတွင်းမှ ရေများကို စပါးခင်းအတွင်းသို့ ရေစုပ်စက်ကြီးများဖြင့် သွယ်ယူအသုံးပြုခြင်းတို့ကြောင့် ခရီးသွားပြည်သူများ နေ့စဉ် ဝင်ထွက်သွားလာလျက်ရှိသော အထင်ကရနေရာတစ်ခုဖြစ်သည့် ဆဒ္ဒန်ဂူအင်းတွင် ရေများခန်းခြောက်၍ ငါးအချို့ သေဆုံးမှုများ ဖြစ်ပွားခဲ့သည်။



**ရေပြင်အနှံ့ပက်ဖျန်းပေး**

ဆဒ္ဒန်ဂူအင်းအတွင်း ငါးများဆက်လက်အသက်ရှင်သန်နိုင်ရေးအတွက် လက်ကျန်ရေများကို စပါးအောင်ရေအတွက် သုံးစွဲခြင်းမပြုတော့ဘဲ ဆက်လက်ထိန်းသိမ်း၍ ထိုရေများသန့်စင်စေရန် ဇန်နဝါရီ ၈ ရက်တွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဒိုလိုမိုက်အား ရေဖြင့်ဖျော်၍ ရေပြင်အနှံ့ပက်ဖျန်းပေးခဲ့သည်။ (ဝဲပုံ)

**ဟန်ချက်ညီညီထိန်းညှိပေး**

ထိုသို့ပက်ဖျန်းပေးခြင်းကြောင့် ရေအရည်အသွေးမြင့်လာခြင်း၊ ရေဩဇာကိုဟန်ချက်ညီညီထိန်းညှိပေးနိုင်ခြင်း စသည့်အားသာချက်များရရှိကာ ငါးများဆက်လက်အသက်ရှင်သန်ရေး အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရေကြည်မြို့နယ်၌ မြစ်ကမ်းပါးပြိုကျမှုကြောင့် ရွှေ့ပြောင်းနေအိမ်များအား ထောက်ပံ့ငွေများပေးအပ်

**ရေကြည် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကညင်ငူကျေးရွာအုပ်စု၌ ငဝန်မြစ်ကမ်းပါးပြိုကျမှုကြောင့် ရွှေ့ပြောင်းခဲ့သော မိသားစုများအား ဇန်နဝါရီ ၉ ရက်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ကညင်ငူကျေးရွာအုပ်စုတွင် ဇန်နဝါရီ ၈ ရက်က မြစ်ကမ်းပါးပြိုကျသဖြင့် နေအိမ်လေးလုံး ရွှေ့ပြောင်းခဲ့ရသော ဦးမှတ်မိသားစု ဦးအုံးကြည်မိသားစု၊ ဦးအေးထွန်းမိသားစု၊ ဒေါ်ပန်းအိဖြူမိသားစုများ စုစုပေါင်းလူဦးရေ ၂၂ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာနှင့် အိမ်ဆောက်ပစ္စည်းငွေကျပ် ၄၄၆၂၀၀ ကို ဘေးသင့်မိသားစုများထံသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူတို့က ကမ်းပြို၍ ရွှေ့ပြောင်းရသော မိသားစုများနေအိမ်အရောက်သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**

# တောင်ငူတွင် ပထမဆုံး အဆင့်မြင့်ဈေးဝယ်စင်တာဖွင့်

တောင်ငူ ဇန်နဝါရီ ၁၁

တောင်ငူမြို့ ရန်ကုန်-မန္တလေး ပုံမှန်လမ်းနှင့် သံတောင်လမ်းထောင့် ပန်းခြံကွေ့ရှိ မင်းကြီးညိုကြေးရုပ်ရှေ့တွင် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက တောင်ငူမြို့၏ ပထမဆုံး ဈေးဝယ်စင်တာ ICON Shopping Center တောင်ငူဖွင့်ပွဲ ကျင်းပသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ICON Shopping Center မှ တာဝန်ရှိသူ ဦးမျိုးဆွေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ICON Shopping Center မှ ဦးမျိုးဆွေတို့က Shopping Center ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ Shopping Center အတွင်း လှည့်လည်ကြည့်ရှုကြသည်။ (ယာပုံ)

ယင်းနောက် တောင်ငူမြို့ တော်ဝင်ကေတုမတီ ဟိုတယ်ရှိ ဘုရင့်နောင်ခန်းမ၌ အလှူငွေပေးအပ်ပွဲပြုလုပ်ရာ တောင်ငူမြို့တွင်ရှိသည့် ပရဟိတအဖွဲ့ ၂၀ အတွက် ငွေကျပ်ငါးသိန်းစီနှင့် တောင်ငူမြို့အမှတ် ၁၂ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

ICON Shopping Center တောင်ငူသည် သုံးထပ်အဆောက်အဦဖြစ်ပြီး စတိုးဆိုင်များ၊ စားသောက်ဆိုင်ခန်းများ၊ ဈေးဆိုင်ခန်းများအပြင် မင်္ဂလာရုပ်ရှင်ရုံ လူ ၃၀၀ ဆံ့ နှစ်ရုံနှင့် ကလေးကစားကွင်းပါရှိကြောင်း သိရသည်။ တောင်ငူတွင် ပထမဆုံး အဆင့်မြင့်ဈေးဝယ်စင်တာဖြစ်သည့်အတွက် လာရောက်လည်ပတ် ဈေးဝယ်သူများဖြင့် စည်ကားကြောင်း သိရသည်။

**သူရ (တောင်ငူ)**






# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ကရင်ပြည်နယ်ရှိ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပ

ဘားအံ ဇန်နဝါရီ ၁၁

**ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း** (အပေါ်ပုံ) **က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီမှ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။**

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးသန့်နှင့် ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ (၁) ဦးစောစံလင်းတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားပြီး ညီနောင်လုပ်ငန်းစုများက SMEs ချေးငွေလျှောက်ထားရာတွင် လိုအပ်ချက်များ ဖြေလျှော့ပေးရေးကိစ္စ၊ ချေးငွေသက်တမ်း တိုးမြှင့်ပေးရေးကိစ္စ၊ ချေးငွေလျှောက်ထားရာတွင် လိုအပ်သည့် မြေပိုင်ဆိုင်မှု အထောက်အထားများ ရရှိရေးအတွက် ဌာနများမှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရေးကိစ္စနှင့် ဘဏ်ချေးငွေအတိုးနှုန်း လျှော့ချပေးရေးကိစ္စများကို တင်ပြကြရာ တက်ရောက်လာသည့် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေး ရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဌာနအကြီးအကဲများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုန်သည် / စက်မှုလုပ်ငန်းရှင်များ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမေရိကန်နိုင်ငံမှ ဒါရိုက်တာ Mr. Dylan Chow ၏ ဆုရဇာတ်လမ်းတိုများနှင့် ပတ်သက်၍ ဇာတ်ညွှန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

**အမေရိကန်နိုင်ငံမှ ဒါရိုက်တာ Mr. Dylan Chow ၏ ဆုရဇာတ်လမ်းတိုများနှင့် ပတ်သက်၍ ဇာတ်ညွှန်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ ညနေ ၄ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် ၅၀ ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ပြခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

ဆွေးနွေးပွဲတွင် ဒါရိုက်တာ Mr. Dylan Chow နှင့်အတူ Music Video တွင် ကိုယ်တိုင်သီဆိုပါဝင်သရုပ်ဆောင်ခဲ့သူ အဆိုတော် မဇ္ဈူရီတို့က ဆုရရုပ်ရှင်ဇာတ်လမ်းတိုများနှင့် ပတ်သက်၍ လည်းကောင်း၊ Music Video ရိုက်ကူးခဲ့စဉ်က အတွေ့အကြုံများ၊ အခက်အခဲများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒါရိုက်တာ Mr. Dylan Chow ရိုက်ကူးခဲ့သည့် ဆုရရုပ်ရှင်ဇာတ်လမ်းတိုများနှင့်အတူ အဆိုတော် မဇ္ဈူရီ ကိုယ်တိုင် သီဆိုပါဝင် သရုပ်ဆောင်ထားသော "ဘာလိုလို" နှင့် "နောက်ထပ်တစ်ခေါက်" အမည်ရှိ Music Video တို့ကိုပြသပြီး ရိုက်ကူးခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ပရိသတ်များ၏ မေးမြန်းဆွေးနွေးမှုများအပေါ် ဒါရိုက်တာ Mr. Dylan Chow က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဒါရိုက်တာ Mr. Dylan Chow က "အဓိကကတော့ ကျွန်တော် လော့စ်အိန်ဂျလိစ် မှာဆုရခဲ့တဲ့ ဇာတ်ကားတွေကို ဒီမှာ ပြစေချင်တယ်။ အမေရိကန်ပရိသတ်လည်းလိုချင်သလို မြန်မာပရိသတ်လည်းလိုချင်ပါတယ်။ ကျွန်တော်က မြန်မာပြည်မှာမွေးတဲ့အတွက် မြန်မာပရိသတ်ကိုလည်း ပြသချင်ပါတယ်။ ဒါကတော့ ကျွန်တော့်ရဲ့ အဓိက ရည်ရွယ်ချက်ပါ" ဟု ယနေ့ဆွေးနွေးပွဲနှင့် ပတ်သက်၍ မီဒီယာများကို ပြောကြားသည်။

၎င်းသည် မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သူဖြစ်ပြီး သရုပ်ဆောင်ပညာ လေ့လာဆည်းပူးရန် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ထုတ်လုပ်မှုဆိုင်ရာ ရုပ်ရှင်ပညာဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ဖြစ်ရပ်မှန်အပေါ် အခြေခံသည့် ဇာတ်လမ်းရေးသားမှုနှင့် ရုပ်ရှင်ဇာတ်လမ်းတို ဖန်တီးမှုများကို အစဉ်တစိုက်လုပ်ဆောင်ခဲ့ရာ ၎င်း၏ ရုပ်ရှင်ဇာတ်လမ်းတိုများသည် လော့စ်အိန်ဂျလိစ်၌ ကျင်းပသည့် ရုပ်ရှင်ပွဲတော်များတွင် ထူးချွန်ဆုများစွာ ရရှိခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ရုပ်ရှင်အနုပညာရှင်များ၊ အလုဖန်တီးရှင်များနှင့် ရုပ်ရှင်အနုပညာအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ ဝါသနာရှင်များနှင့် စိတ်ပါဝင်စားသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



# ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ အဖွင့်ပွဲ အသင်းကြီးအများစု အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၁၉-၂၀၂၀ ရာသီ MFF ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် (၁၂) ကို ယနေ့နံနက်က အမျိုးသားအားကစားပြိုင်ပွဲရုံ-၂ လှိုင်၌ကျင်းပရာ အသင်းကြီးအများစု နိုင်ပွဲရခဲ့သည်။

ပွဲစဉ် (၁၂) တွင် Dream Team က AMM Brothers ကို ခြောက်ဂိုး-လေးဂိုး၊ On Doctor က လက်ဝဲသုန္ဒရကို ၁၁ ဂိုး-ဂိုးမရှိ၊ လက်ရှိချန်ပီယံ MIU က Winner ကို ရှစ်ဂိုး-ဂိုးမရှိ၊ GV က MFF ယူ-၁၉ ကို ကိုးဂိုး-ဂိုးမရှိ၊ VUC က ဖူဆယ်ချစ်သူကို ၁၂ ဂိုး-ဂိုးမရှိ၊ Do Do Ko Ko က မြို့မ JY ကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဇယားထိပ်ဆုံးတွင် VUC နှင့် MIU အသင်းတို့ ၃၄ မှတ်စီရထားသည်။ **ရဲရင့်ရှိုင်း**

○ *ကျောဖုံးမှ*

ချေပဂိုးသွင်းယူပေးခဲ့သည်။

အခြားပွဲစဉ် ရလဒ်များအဖြစ် မန်ယူနှင့် နော့ဝှစ်ချ်ပွဲတွင် အိုးထရက်ဖို့ဒ်ကွင်း၌ မန်ယူအသင်းက လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ မန်ယူအတွက် ဂိုးများကို ပွဲချိန် ၂၇ မိနစ်နှင့် ၅၂ မိနစ် တွင် ရက်ရှ်ဖို့ဒ်၊ ၅၄ မိနစ်တွင် မာရှယ်လ်၊ ၇၆ မိနစ်တွင် ဂရင်းဝုဒ်တို့က သွင်းယူခဲ့သည်။

ချယ်လ်ဆီးက အိမ်ကွင်းတွင် ဘန်လေကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး လက်စတာက ဆောက်သမ်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဝုလ်နှင့် နယူးကာဆယ်မှာ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့ပြီး အဲဗာတန်က ဘရိုက်တန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**

◆ *ကျောဖုံးမှ*

အဖွင့်ပွဲတွင် ရလဒ်ကောင်း ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို ဇွဲကပင်အသင်းကလည်း တိုက်စစ်ကစားပုံ လိုအပ်ချက်များနေသောကြောင့် ရတနာပုံအသင်းက ပိုဖိကစားနိုင်ခဲ့သည်။ ၂၂ မိနစ်တွင် ရတနာပုံအသင်း အဖွင့်ဂိုးရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် ဝင်းနိုင်စိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဝင်းနိုင်စိုးသည် ၂၀၁၉ ရာသီတွင် MNL သွင်းဂိုးအများဆုံးဆု ရရှိခဲ့သူဖြစ်သည်။ ရတနာပုံအသင်းသည် တောင်ပံနှစ်ဖက်မှ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ရတနာပုံအသင်းနှင့် နှစ်နှစ်ကြာဝေးကွာနေသည့် အောင်သူသည် ပထမဆုံးပွဲတွင် ထင်သလောက် လုပ်ပြနိုင်ခြင်းမရှိခဲ့ပေ။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်း ပထမပိုင်းထက် တိုက်စစ်ဆင်မှု ပိုမိုပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးရနိုင်သည့်အနေအထားတွင် ရတနာပုံအသင်းက ပိုရခဲ့သည်။ ၅၂ မိနစ်တွင် ရတနာပုံအသင်း ဒုတိယဂိုးရခဲ့ပြီး မျိုးကိုထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ရတနာပုံအသင်းက အနိုင်ရလဒ်ကို ထိန်းကစားကာ အမှတ်ပြည့်ရယူခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့် ရှောဝတီအသင်းနှင့် မကွေးအသင်းတို့ ပွဲမှာ ဂိုးမရှိသရေကျခဲ့သည်။ ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် ရှောဝတီအသင်းသည် အဖွင့်ပွဲတွင် သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။ နှစ်သင်းစလုံး ဂိုးရနိုင်သည့်အခွင့်အရေးများရသော်လည်း အသုံးမချနိုင်၍ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၁) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၁၂ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ရခိုင်အသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၇:၄၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင်"ထူးခြား အံ့ဖွယ်လိုဏ်ဂူများနှင့် ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဖားစည်မြေမှာ"
- ၈:၄၀ - အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၉:၃၅ - MRTV Travelogue
- ၁၀:၃၀ - "မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ"
- ၁၁:၁၀ - လှပစုံလင်အာဆီယံတစ်ခွင်
- ၁၁:၂၅ - မှတ်မှတ်သားသားပုံပြင်များ "ခါးဝတ်ပုဆိုး"
- ၁၂:၃၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "မိုက်တယ်ဆိုတာ လွယ်ပါတယ်" (ညွန့်ဝင်း၊ ခင်သန်းနု၊ အေးအေးသင်း) (ဒါရိုက်တာ- ဦးသုခ)

**ညပိုင်း**

- ၁၅:၁၅ - MPT Myanmar National League 2020 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရန်ကုန်ယူနိုက်တက် FC အသင်းနှင့် ချင်းယူနိုက်တက် FC အသင်း)
- ၁၇:၃၅ - NHK အစီအစဉ် "Project X: Innovators" (စူးအက်တူးမြောင်း ချဲ့ထွင်တူးဖော်နေစဉ် ပြင်းထန်စွာပေါက်ကွဲခြင်း) (ဒုတိယပိုင်း)
- ၁၈:၂၅ - " မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Dr လုသို့ဗွန်နှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၈:၄၀ - သူတို့ဒေသ၊ သူတို့ဘဝ "ဧရာဝတီလင်းပိုင်များ"
- ၁၉:၁၅ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo (100)+တက္ကသိုလ်ရာပြည့်ဂုဏ်ပြုအစီအစဉ် (Promo)
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "သူရဲကောင်းတို့ရဲ့ ဒဏ္ဍာရီ" (အပိုင်း -၂)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - "မီးတစ်ပွင့်ရဲ့ ရာဇဝင်" (အပိုင်း -၄)
- - "ဘဝနှင့် အနုပညာ" (ဖြတ်သန်းလာသမျှ အနုပညာဘဝ) (စိန်ဗေဒါ ဩဘာသောင်းနှင့် မန်းပန်တျာကျောင်း) (ဆူးငှက်) (အပိုင်း-၂)
- - "ဆယ့်နှစ်လရာသီ အငြိမ့်သဘင်" (ပြာသိုလ-မြင်းခင်းပွဲ)

# ငါန်းဇွန်မြို့နယ်၌ ဂျပန်စစ်သည်များ၏ အရိုးစုများ၊ စစ်ကျန်လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ တူးဖော်တွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကံသာကျေးရွာနေ ဦးငွေးမြင့်၏ နေအိမ်ခြံဝင်းအတွင်း၌ ဇန်နဝါရီ ၁၀ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က Mr. Atsunari Tokunaga ပါ ဂျပန်နိုင်ငံသားသုံးဦးသည် စကားပြန်များနှင့်အတူ ဂျပန်စစ်သည်များ၏ အရိုးများအား ရှာဖွေတူးဖော်ခဲ့သည်။

ထိုသို့တူးဖော်စဉ် ဂျပန်စစ်သည်အရိုးစုများနှင့် စစ်ကျန်လက်ပစ်ဗုံးဟောင်း ခြောက်လုံး၊ လုံ့စွပ်တပ်ပြောင်းရှည်သေနတ် တစ်လက်၊ ကျည်ငါးတောင့်ပါ ကျည်ကတ် ကိုးကတ်၊ ကျည်လေးတောင့်ပါ ကျည်ကတ် ခြောက်ကတ်၊ ကျည် ၁၂ တောင့်နှင့် ဦးထုပ်ဟောင်းတစ်လုံးတို့ကို တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါ တူးဖော်ရရှိသည့် လက်နက်ခဲယမ်းများကို ငါန်းဇွန်မြို့မရဲစခန်းသို့ အပ်နှံခဲ့ပြီး နယ်မြေခံတပ်မှ လာရောက်သိမ်းဆည်းနိုင်ရေး ဆက်သွယ်ထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား



ငါန်းဇွန်မြို့နယ်၌ တူးဖော်တွေ့ရှိသည့် စစ်ကျန်လက်နက်ခဲယမ်းများကို တွေ့ရစဉ်။

## ကျောက်တံခါး၌ ဆင်နင်းမိ၍ နှစ်ဦးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကြာအင်းကုန်းကျေးရွာ အိုင်တုံကွန်း အကွက်အမှတ်(၁၃)ရှိ ဝန်ချောင်းအတွင်း၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီက ဆင်နင်းမိ၍ ဆင်ဦးစီးနှစ်ဦး သေဆုံးခဲ့သည်။

ကြာအင်းကုန်းကျေးရွာနေ ဆင်ဦးစီးများဖြစ်ကြသော ဦးဝင်းလှိုင်(၄၅ နှစ်) နှင့် ဦးကျော်လင်း (၄၂ နှစ်) တို့သည် ဦးဝင်းမောင်ဆင်ဝိုင်းမှ စောရွှေတိုးအမည်ရှိ ဆင်နှင့် အခြားဆင်တစ်ကောင်အား ရေချိုးပေးစဉ် စောရွှေတိုးအမည်ရှိဆင်မှာ စိတ်ရိုင်းဝင်ပြီး ဦးဝင်းလှိုင်နှင့် ဦးကျော်လင်းတို့ကို နင်းခဲ့ကြောင်း၊ ဆင်နင်းခံရမှုကြောင့် နှစ်ဦးစလုံးတွင် ဒဏ်ရာများရရှိ၍ သေဆုံးခဲ့သဖြင့် တောကျွဲအင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ၎င်းတို့နှစ်ဦးသေဆုံးမှုအား တောကျွဲအင်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## မိုးမိတ်၊ နမ့်ခမ်းနှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မိုးမိတ်မြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု နဘူး (လီဆူ)ကျေးရွာနေ ဒေါ်ဟီမလေး၏ နေအိမ်ကိုရှာဖွေရာ နေအိမ်ခြံစည်းရိုးအနီးရှိ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၅ ပြားကိုလည်းကောင်း၊

အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲခန့်က ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ထုံးဘိုကျေးရွာ ရွာလယ်လမ်းတွင် အားလူမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်း၏ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၀၉၃၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၇၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီ ၁၀ မိနစ်ခန့်က နမ့်ခမ်းမြို့နယ် ဟိုဆိုင်းကျေးရွာရှိ ကူးတို့ဆိပ်အနီး နမ့်ခမ်း-ဟိုဆိုင်းကျေးရွာလမ်းတွင် ကျန်အားချိန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူး သွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်က တောင်ကြီးမြို့ ကံကြီးရပ်ကွက် တောင်ကြီး-ကျောက်တလုံးကားလမ်းတွင် ခွန်သန်းထွန်းမောင်းနှင်ပြီး ကျော်လှလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ကျော်လှ၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



ခွန်သန်းထွန်း၊ ကျော်လှတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အဆိုပါ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**

## သီပေါမြို့နယ် ကုံးမုံနှင့် စံလောင်းကျေးရွာကြား တောင်ယာတဲ၌ လူနှစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်တွေ့ရှိ

**သီပေါ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကွန်ခိုက်ကျေးရွာအုပ်စု ကုံးမုံကျေးရွာနှင့် မိုင်းလင်းကျေးရွာအုပ်စု စံလောင်းကျေးရွာကြား လောင်လုံးအနီး တောင်ယာတဲအတွင်း၌ ယနေ့ မွန်းတည့် ၁၂ နာရီက အသက် (၃၅ နှစ်) ခန့်ရှိ အမျိုးသားအလောင်းတစ်လောင်းနှင့် တောင်ယာတဲအပြင်ဘက်၌ အသက် (၅၀ နှစ်) ခန့်ရှိ အမျိုးသားအလောင်းတစ်လောင်းတို့ သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရ၍ ရွာသားတစ်ဦးက သီပေါရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

အခင်းဖြစ်နေရာသို့ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်စုံစမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## သန်လျင်မြို့နယ်တွင် ထမင်းပေါင်းအိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ ကံသာဓမ္မရိပ်သာကျောင်းဝင်းအတွင်း၌ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က ထမင်းပေါင်းအိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ကာ အဆောက်အအုံသုံးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုမှာ ဒေါ်ငွေးငွေးအောင် (၅၆ နှစ်) က ထမင်းပေါင်းအိုးတည်ထားခဲ့ရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ခဲ့ရာ ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးဌာနခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်သူများက မီးငြိမ်းသတ်ယာဉ် ၁၀ စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားသည်။

အဆိုပါမီးလောင်မှုကြောင့် အဆောက်အအုံသုံးလုံး မီးလောင်ဆုံးရှုံးသဖြင့် သန်လျင်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**





## ဂုတ်တွင်းလမ်းပိုင်း၌ တွဲယာဉ်တိမ်းမှောက်၍ လမ်းပိတ်ဆို့မှုဖြစ်

**သီပေါ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ-နောင်ချို-ဂုတ်တွင်းလမ်းပိုင်း ခြောက်ထပ်ကွေ့ မိုင်တိုင် (၈၄/၃-၄) ၌ ယနေ့ နံနက် ၆ နာရီက တွဲယာဉ်တစ်စီးတိမ်းမှောက်၍ လမ်းပိတ်ဆို့မှုဖြစ်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် မန္တလေးမှတက်လာသော ယာဉ်များ နောင်ချိုမြို့စိမ်းလဲ့ကန်သာတွင်လည်းကောင်း၊ မူဆယ်၊ လားရှိုးမှလာသော အဆင်းယာဉ်များ ကျောက်မဲမိုးမြင့်သာနှင့် ရေကန်တောင်၌လည်းကောင်း ခေတ္တရပ်နားထားရသည်။

ယာဉ်ကြောပိတ်ဆို့မှု မကြန့်ကြာစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ဂုတ်တွင်းနှင့် နောင်ပိန်ရဲကင်းတို့မှ တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်မှုဖြင့် နံနက် ၁၀ နာရီကျော်တွင် ဂုတ်တွင်းလမ်းပိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**



## လယ်ဝေးမြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**လယ်ဝေး ဇန်နဝါရီ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်နယ်မြေ ရဲစခန်းမှူး ရဲအုပ် မြင့်ဆွေနှင့် ရဲတပ်ဖွဲ့ဝင်များသည် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက် ၇ နာရီမှ ၁၁ နာရီအထိ လယ်ဝေး- သစ်ပုတ်ပင်သွားလမ်း ဖက်ညံ့ရွာထိပ်တွင် ဆိုင်ကယ်မောင်းနှင်သူ ၁၂၄ ဦး၊ မော်တော်ယာဉ်မောင်းနှင်သူ ၂၉ ဦးတို့ကို ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဆောင်ရွက်ပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

မင်းမင်းလတ် (ရုပ်ဗေဒ)



# နိုင်ငံခြားတပ်များ ဖယ်ရှားပေးရေးဆွေးနွေးရန် အီရတ်၏တောင်းဆိုမှုကို အမေရိကန် ပယ်ချ

ဝါရှင်တန် ဇန်နဝါရီ ၁၁

**အမေရိကန်တပ်ဖွဲ့ဝင် ၅၂၀၀ ကို အီရတ်မြေပေါ်မှ ဖယ်ရှားပေးရေးအတွက် ဆွေးနွေးပွဲစတင်ရန် အီရတ်ဘက်မှ တောင်းဆိုမှုပြုခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုက ဇန်နဝါရီ ၁၀ ရက်က ယင်းတောင်းဆိုမှုကို ပယ်ချခဲ့ကြောင်း သိရသည်။**



အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

ဘဂ္ဂဒက်မြို့တွင် အီရန်ဗိုလ်ချုပ်ကြီးကို အမေရိကန်က သတ်ဖြတ်ပြီးနောက် အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ချိုးဖောက်သည်ဟုဆိုကာ အီရတ်တွင် မကျေမနပ်မှုများ ပေါ်ပေါက်လျက်ရှိသည်။ ထို့ပြင် အီရတ်ကို နောက်တစ်ဖန် စစ်အတွင်းသို့ ဆွဲခေါ်သည်ဟုလည်း အီရတ်တို့က ထင်မြင်ယူဆကြသည်။

အမေရိကန်တပ်များ အီရတ်မြေပေါ်မှ ဖယ်ရှားပေးရေး ဆွေးနွေးမှုများ စတင်ရန် အမေရိကန်မှ အထူးကိုယ်စားလှယ် စေလွှတ်ပေးရေးအတွက် အီရတ်ဝန်ကြီးချုပ်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီးထံ တောင်းဆိုခဲ့သည်။ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနကမူ ဆွေးနွေးမှုများစတင်ရန် အသင့်ရှိကြောင်း သို့သော် တပ်ဖွဲ့ဝင်များ ဖယ်ရှားပေးရေးကိုမူ ဆွေးနွေးမည်မဟုတ်ဟုပြောကြားခဲ့သည်။ ယခုအချိန်တွင် အီရတ်သို့စေလွှတ်မည့် အထူးကိုယ်စားလှယ်မှာ မဟာဗျူဟာမြောက်မိတ်ဖက်နှင့် အကောင်းဆုံးကတိကဝတ်များ ပြုလုပ်ရန်သာ ဆွေးနွေး ရန်ရှိပြီး အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့်ကိစ္စ ဆွေးနွေးရန်မရှိဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မော်ဂန်အော်တာဂတ်စ်က ပြောသည်။

လွတ်လပ်သော အချုပ်အခြာအာဏာရှိပြီး ကြွယ်ဝသောအီရတ်နိုင်ငံနှင့် မိတ်ဆွေဖြစ်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် အမေရိကန်က အီရတ်နိုင်ငံကို ကျူးကျော်ခြင်းမှာ အမှားအယွင်းဖြစ်သည်ဟု သမ္မတထရမ့်က ဖော်ပြခဲ့ပြီး အီရတ်အပါအဝင် အခြားသောနိုင်ငံများတွင် အမေရိကန်တပ်များ တပ်ဖြန့်ချထားမှုမှာ ဖြုန်းတီးမှုတစ်ခုသာဖြစ်သည်ဟု ယခင်အချိန်တုန်းက သမ္မတထရမ့် ဝေဖန်ခဲ့ဖူးသည်။ မည်သို့ပင်ဆိုစေကာမူ အီရတ်နိုင်ငံဘက်မှ အမေရိကန်တပ်များကို ဖယ်ရှားရန် ကြိုးပမ်းလာသည့် အချိန်တွင်မူ ထရမ့်သည် ဒေါသတကြီး ပြန်လည်တုံ့ပြန်ခဲ့သည်။

အီရတ်သည် အမေရိကန်၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော်လည်း အမေရိကန်တပ်များကိုဖယ်ရှားရန် ပြုလုပ်ပါက ပိတ်ဆို့မှုများပြုလုပ်သွားမည်ဟု ပြောကြားခဲ့သည်။ အီရတ်ရှိ အမေရိကန်တပ်များ၏ တာဝန်မှာ အလွန်ရှင်းလင်းကြောင်း၊ ဒေသခံတပ်ဖွဲ့ဝင်များကို သင်ကြားပေးရန်နှင့် အိုင်အက်စ် အကြမ်းဖက်အုပ်စုများကို တိုက်ခိုက်ရန်အတွက်ပင် ဖြစ်သည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## အဆုတ်ရောင်ရောဂါကြောင့် တရုတ်နိုင်ငံတွင် လူသေဆုံးမှုဖြစ်

**ပေကျင်း ဇန်နဝါရီ ၁၁**

တရုတ်နိုင်ငံတွင် အဆုတ်ရောင်ရောဂါဆန်းကြောင့် သေဆုံးသူတစ်ဦးရှိလာပြီဖြစ်သည်ဟု တရုတ်အာဏာပိုင်များက ဖော်ပြခဲ့သည်။ ဝူဟန်မြို့မှ ကျန်းမာရေးအရာရှိများက အဆုတ်ရောင်ရောဂါကြောင့်လူတစ်ဦးသေဆုံးပြီး ခုနစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း ပြောကြားခဲ့သည်။ ဖျားနာသူ ၄၁ ဦးရှိကြောင်းလည်း သိရသည်။

အဆိုပါရောဂါသည် လွန်ခဲ့သည့် လမှစတင်ကာ ဝူဟန်တွင် ပျံ့နှံ့ခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၃ ရက်မှစတင်ကာ အဆိုပါရောဂါကို နောက်လူများတွင် ကူးစက်ခြင်းမတွေ့ရတော့ကြောင်း၊ လူအချင်းချင်းကူးစက်သည့် လက္ခဏာလည်း မတွေ့ရကြောင်း ဝူဟန်မြို့မှ အာဏာပိုင်များက ပြောသည်။

လူနာအများစုမှာ ဒေသတွင်း ပင်လယ်စာဈေးကွက်တွင် အလုပ်လုပ်ကိုင်ကြသူများဖြစ်ပြီး ယခုအခါ ပင်လယ်စာလုပ်ငန်းများကို ပိတ်ထားသည်။

**အင်န်အိတ်ချ်ကေ**

## လစ်ဗျားနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားပေးကူညီသွားမည့်အရေး ရုရှားသမ္မတပူတင်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုအိမ်ရှေ့မင်းသားတို့ ဆွေးနွေး

**မော်စကို ဇန်နဝါရီ ၁၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အာရပ်စော်ဘွားများပြည်ထောင်စုအိမ်ရှေ့မင်းသား ရှိတ်မိုဟာမက် ဘင်ဇာရက် အယ်လ်နာယန်နှင့် လစ်ဗျားအရေး ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း ကရင်မလင်နန်းတော်က ဇန်နဝါရီ ၁၁ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အဆိုပါကြေညာချက်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အစ္စတန်ဘူလ်၌ ဇန်နဝါရီ ၈ ရက်က တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် အကြောင်းအရာများကိုလည်း မင်းသားမိုဟာမက် အယ်လ်နာယန်နှင့် ဆွေးနွေးခဲ့သေးကြောင်း ဖော်ပြထားသည်။

ထိုသို့တွေ့ဆုံခဲ့စဉ် ရုရှားသမ္မတပူတင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့သည် လစ်ဗျားနိုင်ငံတွင် အေးချမ်းလုံခြုံရေးကို ဦးတည်သည့် အပစ်ရပ်စဲရေးဆိုင်ရာကြိုးစားမှုများကို အရှိန်မြှင့်တင်လုပ်ဆောင်ရန် တိုက်တွန်းလိုက်သည်။ ထို့အတူ ပဋိပက္ခအတွင်း သဘောထားကွဲလွဲနေသော အဖွဲ့များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း အားပေးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရုရှားသမ္မတ ပူတင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့သည် ဇန်နဝါရီ ၈ ရက်က အများသဘောတူညီမှုတစ်ခု ရရှိခဲ့ပြီး လစ်ဗျားနိုင်ငံတွင် ဇန်နဝါရီ ၁၂ ရက် သန်းခေါင်ချိန်မှစပြီး အပစ်ရပ်စဲရေးစတင်ရန် တိုက်တွန်းလိုက်သည်။ ၂၀၁၁ ခုနှစ် မွန်မာဂဒါဖီ ကျဆုံးပြီးချိန်ကတည်းက လစ်ဗျားနိုင်ငံသည် ပြည်တွင်းစစ်နွံထဲ ရောက်ရှိခဲ့သည်။ ထို့နောက် ရောင်စုံလက်နက်ကိုင်အဖွဲ့များ အလျှိုလျှိုပေါ်ပေါက်လာခဲ့သည်။

ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို မော်ရိုကို မြို့တော်ခီရတ်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က ရောင်စုံလက်နက်ကိုင်အဖွဲ့များ လက်မှတ်ရေးထိုးခဲ့သော်လည်း ၎င်းတို့သည် အာဏာရရှိရန် အချင်းချင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အိုမန်နိုင်ငံဘုရင်မင်းမြတ် ဆူလ်တန်ကဘူးစ်ဘင်းဆာအိအယ်လ်ဆာအိ ကွယ်လွန်

**မက်စ်ကတ် ဇန်နဝါရီ ၁၁**

အိုမန်နိုင်ငံဘုရင်မင်းမြတ် ဆူလ်တန်ကဘူးစ်ဘင်း ဆာအိအယ်လ်ဆာအိသည် ဇန်နဝါရီ ၁၀ ရက် ညနေပိုင်းတွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း အိုမန်နိုင်ငံပိုင် သတင်းဌာနက ဇန်နဝါရီ ၁၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ဝမ်းနည်းပူဆွေးခြင်း အထိမ်းအမှတ်အဖြစ် အစိုးရနှင့် ပြည်သူများ အလုပ်ပိတ်ရက်သုံးရက် သတ်မှတ်ခဲ့သည်။



အိုမန်နိုင်ငံဘုရင်မင်းမြတ် ဆူလ်တန်ကဘူးစ်ဘင်းဆာအိအယ်လ်ဆာအိ

ထို့ပြင် ရက်ပေါင်း ၄၀ အတွင်း အလံတိုင်ဝက် လွှင့်ထူထားရမည်ဖြစ်သည်ဟု နိုင်ငံပိုင်ရုပ်သံတွင် ကြေညာခဲ့သည်။ ဆူလ်တန်သည် အိုမန်နိုင်ငံကို ရာစုနှစ် တစ်ဝက်နီးပါး အုပ်ချုပ်ခဲ့သူလည်းဖြစ်သည်။ ၎င်းကွယ်လွန်ချိန်တွင် အသက် ၇၉ နှစ်ရှိပြီဖြစ်သည်။ ၎င်းကွယ်လွန်သွားချိန်တွင် ကလေးတစ်ဦးမျှ ကျန်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် နောက်ထပ်ဆူလ်တန်မှာ မည်သူဖြစ်မည်နည်းဆိုသည့် ခန့်မှန်းမှုများလည်း ပေါ်ထွက်ခဲ့သည်။ သို့သော် ဇန်နဝါရီ ၁၁ ရက်တွင် အိုမန်နိုင်ငံ၏ ယဉ်ကျေးမှုဝန်ကြီး ဟိုင်သမ်ဘင်အယ်ဆာအိကို ဆူလ်တန်၏ ဆက်ခံသူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံပိုင်ရုပ်သံ၌ ကြေညာခဲ့သည်။

ဆူလ်တန်ကဘူးစ်ဘင်းဆာအိအယ်လ်ဆာအိ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းစရာကောင်းသော်လည်း တိုင်းပြည်ကိုခေါင်းဆောင်သစ်က အုပ်ချုပ်တော့မည်ဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်သံအစီအစဉ်တင်ဆက်သူက ပြောသည်။ ကဘူးစ်သည် အရှေ့အလယ်ပိုင်းဒေသတွင် ကာလရှည်ကြာအုပ်စိုးခဲ့သည့် ခေါင်းဆောင်ဖြစ်ပြီး ၁၉၇၀တွင် ၎င်း၏ဖခင်နန်းချခံရပြီးနောက် အာဏာရလာခဲ့သူလည်းဖြစ်သည်။

ပင်လယ်ကွေ့ဒေသတွင် ၎င်း၏ သံတမန်ရေးရာအရ စွမ်းဆောင်ရည်ကြောင့် လူသိများလာခဲ့သည်။ ၎င်း၏ ဦးဆောင်မှုဖြင့် အိုမန်နိုင်ငံသည် အမေရိကန်နှင့် အီရန်ကြား ဆွေးနွေးနိုင်ရန် ညှိနှိုင်းပေးသည့် နိုင်ငံဖြစ်လာခဲ့သည်။

**အေအက်ဖ်ပီ**

## အမေရိကန်က မြောက်ကိုရီးယား၏တောင်းဆိုမှုကို လိုက်လျောမှသာ ဆွေးနွေးပွဲပြန်စမည်ဖြစ်ကြောင်း မြောက်ကိုရီးယားပြော

**ပြုံယမ်း ဇန်နဝါရီ ၁၁**

မြောက်ကိုရီးယားနိုင်ငံ၏တောင်းဆိုမှုကို လိုက်လျောမှသာအမေရိကန်ပြည်ထောင်စုနှင့် နျူကလီးယားဆွေးနွေးမှုပြန်လည်စတင်နိုင်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ အဆင့်မြင့်အရာရှိများက ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားလိုက်သည်။

မြောက်ကိုရီးယားနှင့် အမေရိကန်နိုင်ငံကြား နျူကလီးယားအရေးဆွေးနွေးမှု ပြန်လည်စတင်နိုင်မှုသည် အရင်ပြောထားသည့်အချက်များကို အမေရိကန်ဘက်က လိုက်လျောမည်ဆိုပါက ဖြစ်လာနိုင်စရာအကြောင်းရှိကြောင်း၊ သို့သော်လည်း အမေရိကန်ဘက်က အဆင်သင့်ဖြစ်မနေသလို ထိုသို့လုပ်ရန်လည်း စိတ်ကူးရှိပုံမပေါ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနအကြံပေး ကင်ယီဂွမ်က နိုင်ငံ၏ဗဟိုသတင်းအေဂျင်စီက ဖော်ပြသောကြေညာချက်တွင် ပြောကြားလိုက်သည်။

အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံကြား နျူကလီးယားကင်းစင်ရေးဆွေးနွေးမှုသည် လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီက ဗီယက်နမ်နိုင်ငံ ဟန်နွိုင်းတွင် ပြုလုပ်ခဲ့သော ဒုတိယတွေ့ဆုံဆွေးနွေးမှု သောင်မတင်ရေမကျပြီးဆုံးခဲ့ချိန်မှစ၍ ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ပြည်သူတွေခံစားနေရသည့်ဒုက္ခကို အနည်းငယ်သက်သာစေရန် အမေရိကန်နိုင်ငံအား အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ အရင်ဆုံးဖယ်ရှားပေးရန် မိမိတို့ဘက်ကလည်း နျူကလီးယားကင်းစင်အောင်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်မည်ဟု ပြောဆိုခဲ့သည့် ဗီယက်နမ်နိုင်ငံ ဟန်နွိုင်းအစည်းအဝေးလို နောက်ထပ်အစည်းအဝေးမျိုး ထပ်မံပေါ်ပေါက်လာစရာအကြောင်းမရှိဟု အကြံပေး ကင်ယီဂွမ်က ပြောကြားလိုက်သည်။

တစ်ဖက်သက်ဖြစ်စေမည့် ဆွေးနွေးမှုမျိုး အလိုမရှိတော့ကြောင်းနှင့် တစ်ခုအတွက် အခြားတစ်ခုကိုဖလှယ်သည့် ကုန်သည်ပွဲစားမျိုးလုပ်ရန် ဆန္ဒမရှိတော့ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

သို့သော်လည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ မွေးနေ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း အမေရိကန်သမ္မတထရမ့်၏ သဝဏ်လွှာပေးပို့မှုကို လက်ခံရရှိခဲ့သည့်အတွက် ဝမ်းသာကြောင်းနှင့် ခေါင်းဆောင်နှစ်ဦးကြား ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆက်သွယ်မှုသည် အဆိုးကြီးမဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။ နှစ်နိုင်ငံစလုံးဆွေးနွေးမှုလမ်းကြောင်းပေါ်ပြန်သွားရန် အခုလိုမျိုး နွေးထွေးသော အခြေအနေများ ဖန်တီးရန်လိုကြောင်း ၎င်းက ထပ်မံပြောကြားလိုက်သည်။

**ဆင်ဟွာ**

# ယူကရိန်းလေယာဉ် ပျက်ကျခဲ့ရတဲ့ အကြောင်းရင်း

**ကလျာမိုးမြင့်**

**ယူကရိန်းလေယာဉ် အီရန်မှာပျက်ကျသွားတဲ့ကိစ္စက အခုရက်ပိုင်း ဟိုးလေးတကျော်ကျော်ဖြစ်နေခဲ့တဲ့ ကိစ္စတစ်ခုပါ။ ပြီးတော့ ပျက်ကျလေယာဉ်ကိုထုတ်လုပ်ခဲ့တဲ့ ဘိုးရင်းကုမ္ပဏီဟာဆိုရင်လည်း ပြီးခဲ့တဲ့နှစ်အတွင်း မတော်တဆမှုနှစ်ခုဖြစ်ပွားခဲ့ပြီး လူအများအပြားအသက်ဆုံးရှုံးစေခဲ့တာကြောင့် ကုမ္ပဏီရဲ့ပုံရိပ် အတော်လေးကျဆင်းနေချိန်ဖြစ်တာမို့ ဒီမတော်တဆမှုမှာလည်း လေယာဉ်ရဲ့ စက်ပိုင်းဆိုင်ရာချွတ်ယွင်းချက်ဖြစ်နိုင်တယ်ဆိုပြီး ခန့်မှန်းသတင်းတွေ၊ ထင်ကြေးပေးမှုတွေက ဘိုးရင်းကို ဆက်လက်ရပ်တည်ဖို့ ခက်ခဲတဲ့အခြေအနေတစ်ခုဆီ တွန်းပို့နေပါတယ်။**

**ဒုံးကျည်ထိမှန်ခဲ့**

ဒါပေမယ့်လည်း ဒီနေ့မှာ ကြားသိလိုက်ရတဲ့ သတင်းတစ်ခုကတော့ ဘိုးရင်းကို အသက်ရှူချောင်သွားစေမယ့်သတင်းတစ်ခုပါပဲ။ အဲဒီသတင်းကတော့ ယူကရိန်းလေယာဉ်ဟာ အီရန်စစ်တပ်ကပစ်လိုက်တဲ့ ဒုံးကျည်ထိပြီး ပျက်ကျခဲ့ရတယ်ဆိုတာပါပဲ။ အီရန်စစ်တပ်က ယူကရိန်း ခရီးသည်တင်လေယာဉ်ကို မရည်ရွယ်ဘဲ ပစ်ချမိတဲ့အတွက် လေယာဉ်ပေါ်လိုက်ပါလာသူ ၁၇၆ ဦး အသက်ဆုံးရှုံးခဲ့ရတယ်လို့ ထုတ်ဖော်ပြောဆိုခဲ့တာကို အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားကနေ ထုတ်လွှင့်ဖော်ပြခဲ့ပါတယ်။

ပျံသန်းလာတဲ့ ယူကရိန်းခရီးသည်တင်လေယာဉ်ဟာ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ရဲ့ အမှားအယွင်းမခံနိုင်တဲ့ နေရာအနီးကို နီးနီးကပ်ကပ်ရောက်ရှိလာခဲ့တာကြောင့် ဒီလိုပစ်ခတ်မိတဲ့ အခြေအနေမျိုးဖြစ်ခဲ့ရကြောင်း ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ရန်သူ့ပစ်မှတ်နဲ့မှားပြီး ပစ်ခတ်မိတဲ့အတွက် လေယာဉ်ကို ဒုံးကျည်ထိမှန်ခဲ့ရခြင်း ဖြစ်ပါတယ်။ ဒီကိစ္စမှာ တာဝန်ရှိတဲ့သူကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်မှာဖြစ်တယ်လို့လည်း ပြောခဲ့ပါတယ်။

**မေးခွန်းတွေထွက်ပေါ်**

အစောပိုင်းမှာတုန်းကတော့ မြို့တော်တီဟီရန်အနီး ပျံသန်းလာတဲ့လေယာဉ်ဟာ ဇန်နဝါရီ ၈ ရက်က အီရန်ရဲ့ ဒုံးကျည်ပစ်ချခံရမှုကြောင့် ပျက်ကျသွားတာဖြစ်တယ်ဆိုတဲ့ ထင်မြင်ပြောဆိုချက်တွေကို အီရန်က ငြင်းဆန်ခဲ့ပါတယ်။ ပြီးတော့လည်း သံသယဖြစ်စရာကောင်းတာက ၎င်းတို့ရရှိထားတဲ့ ပျက်ကျလေယာဉ်ရဲ့ ဘလက်ဘောက်စ်နှစ်ခုကို စုံစမ်းစစ်ဆေးမှုတွေလုပ်ဆောင်ဖို့ ဘိုးရင်းကုမ္ပဏီဆီ လွှဲပြောင်းမပေးနိုင်ဘူးဆိုတဲ့ ငြင်းဆန်ချက်ကလည်း ဘာကြောင့်လဲဆိုတဲ့ မေးခွန်းထွက်ပေါ်လာစေခဲ့ပါတယ်။

ဘလက်ဘောက်စ်ကို မပေးနိုင်ပေမယ့် စုံစမ်းစစ်ဆေးမှုကိုတော့ ပူးပေါင်းလုပ်ဆောင်မယ်လို့ အီရန်က ပြောပါတယ်။ အဲဒီနောက်မှာ အမေရိကန်နဲ့ ကနေဒါနိုင်ငံတွေက လျှို့ဝှက်ထောက်လှမ်းမှုအဖွဲ့တွေဆီက ရတဲ့ သတင်းအချက်အလက်တွေအရ လေယာဉ်ကို အီရန်က မတော်တဆဒုံးကျည်နဲ့ ပစ်ခတ်မိတာဖြစ်နိုင်တယ်လို့ ယူဆကြောင်း ဖော်ပြခဲ့ပြီးတဲ့နောက်မှာတော့ အီရန်အပေါ် ဖိအားတွေ အတော်လေး ကျရောက်လာခဲ့ပါတယ်။

**ခွင့်မလွှတ်နိုင်တဲ့အမှား**

အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက ဒီလောက်သွေးပျက်ဖွယ်ရာကောင်းတဲ့ လေယာဉ်ပျက်ကျမှုဟာ ဘယ်လိုမှ ခွင့်လွှတ်ကျေအေးပေးလို့မရတဲ့ အမှားမျိုးပဲလို့ တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။ အီရတ်မှာ အခြေစိုက်ထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေရဲ့ လေတပ်စခန်းနှစ်ခုကို အီရန်က ဒုံးကျည်တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ပြီး နှစ်နာရီအကြာမှာ ဗီအက်စ် ၇၅၂ လေယာဉ် ပျက်ကျကာ



ယူကရိန်းလေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့သည့်နေရာတွင် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရှာဖွေမှုပြုလုပ်နေစဉ်။

လိုက်ပါလာသူ ၁၇၆ ဦးစလုံး အသက်ဆုံးရှုံးခဲ့ရတယ်ဆိုတာဟာ အမှန်ပါပဲ။ ယူကရိန်းလေယာဉ်ဟာ တီဟီရန်မြို့ အာမာမ်ခိုမေနီလေဆိပ်ကနေ ထွက်ခွာလာပြီး သိပ်မကြာခင်မှာ ပျက်ကျသွားခဲ့တာ ဖြစ်ပါတယ်။

**စစ်လေယာဉ်နဲ့ မှားပြီးပစ်**

ဒီကိစ္စမှာ အီရန်ဟာ အီရတ်မှာရှိတဲ့ အမေရိကန်စစ်စခန်းတွေကို တိုက်ခိုက်နေချိန် အမေရိကန်ဘက်က ဝင်လာနိုင်တဲ့ တုံ့ပြန်တိုက်ခိုက်မှုကို ပြင်ဆင်ထားတဲ့ အီရန်စစ်တပ်က ခရီးသည်တင်လေယာဉ်ကို အမေရိကန်စစ်လေယာဉ်နဲ့ မှားယွင်းပစ်ချလိုက်တာ ဖြစ်နိုင်တယ်လို့ ထင်မြင်ယူဆခဲ့ကြပါတယ်။

ဇန်နဝါရီ ၃ ရက်က သမ္မတထရမ့်ရဲ့ ညွှန်ကြားချက်အရ လုပ်ဆောင်ခဲ့တဲ့ ဒရုန်းတိုက်ခိုက်မှုတစ်ခုအတွင်း အီရန်ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ သေဆုံးခဲ့မှုအတွက် လက်တုံ့ပြန်တဲ့အနေနဲ့ အီရန်က အီရတ်ရှိ အမေရိကန်လေတပ်စခန်းတွေကို မကျေပွဲပြန်နွှဲနေတာဖြစ်ပါတယ်။

**ကိုယ့်ရှူးကိုယ်ပတ်**

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်က ယူကရိန်းလေယာဉ်ပျက်ကျရခြင်းဟာ အမေရိကန်ရဲ့ မိုက်ရူးရဲဆန်မှုကြောင့်လည်းပါတယ်လို့ စနေနေ့က တွစ်တာပေါ်မှာ ပြစ်တင်ပြောဆိုထားပါတယ်။ အီရန်အတွက်တော့ ဒီကိစ္စက အမေရိကန်ကို မကျေပွဲနွှဲရာကနေ ကိုယ့်ရှူးကိုယ်ပြန်ပတ်မိတဲ့ အဖြစ်မျိုးလို့တောင် ဆိုရမလိုပါပဲ။ ဘာကြောင့်လဲဆိုတော့ လေယာဉ်ပျက်ကျမှုအတွင်း သေဆုံးသွားသူ ၁၇၆ ဦးမှာ ဆွီဒင်၊ ဗြိတိန်၊ အာဖဂန်နစ္စတန်နဲ့ ဂျာမနီနိုင်ငံသားတွေပါသော်ငြား အများစုဖြစ်တဲ့ သေဆုံးသူ ၈၂ ဦးဟာ အီရန်နိုင်ငံသားတွေချည်းပါပဲ။ ပြောရရင် အမေရိကန်နဲ့ အီရန်တို့ နိုင်ငံရေးမပြေလည်မှုမှာ ခရီးသည်တွေကြားထဲက အသက်ဆုံးရှုံးခဲ့ရတာပါ။

**ရှေ့နောက်မညီ**

မကြာသေးခင်ရက်ပိုင်းအတွင်းမှာတင် အီရန်ပြည်တွင်းလေကြောင်းသွားလာမှုအဖွဲ့အကြီးအကဲ အလီအာဘက်ဇာဒက်က လေယာဉ်ကို ဒုံးကျည်နဲ့ ပစ်ချခံရခြင်းမဟုတ်ကြောင်း ကျွန်ုပ်တို့သေချာပေါက်ပြောနိုင်တယ်ဆိုပြီး ပြောခဲ့ရာက ယနေ့မှာ အီရန်စစ်တပ်က လေယာဉ်ကို မတော်တဆ မှားယွင်းပစ်ချမိခဲ့တယ်ဆိုပြီး ကြေညာလိုက်တာကြောင့် အီရန်ရဲ့စကားတွေဟာ ရှေ့နောက်မညီ ဖြစ်ခဲ့ရပါတယ်။

အီရန်စစ်တပ်ရဲ့ ယခုကြေညာချက် ထွက်မလာသေးခင် ပြီးခဲ့တဲ့ ဇန်နဝါရီ ၉ ရက်ကလည်း အစိုးရပြောရေးဆိုခွင့်ရှိသူ အလီရာဘီက အမေရိကန်နဲ့ မဟာမိတ်တွေဟာ လေယာဉ်ပျက်ကျရခြင်းအကြောင်းရင်းကို ခရေစေ့တွင်းကျ မသိရသေးဘဲ ထင်ရာတွေပြောပြီး လိမ်ညာနေရုံမက စိတ်ကူးနဲ့ တိုက်ပွဲဖြစ်အောင် စေ့ဆော်နေတယ်လို့ စွပ်စွဲထားပါသေးတယ်။ ဒါပေမယ့် ဒုံးကျည်တိုက်ခိုက်မှုတစ်ခု ဖြစ်နိုင်ကြောင်း သံသယဖြစ်စေတဲ့ သက်သေအထောက်အထားတွေက ပွင့်လင်းမြင်သာတဲ့ စုံစမ်းစစ်ဆေးမှုတစ်ခု လုပ်ဆောင်ဖို့ တောင်းဆိုသံတွေကို ပိုမိုကျယ်လောင်လာစေခဲ့ပါတယ်။

**သက်သေအထောက်အထား**

နယူးယောက်တိုင်းမ်က ရရှိထားတဲ့ ရုပ်သံဖိုင်ထဲမှာ ဒုံးကျည်တစ်စင်း တီဟီရန်ရဲ့ ကောင်းကင်ကို ဖြတ်ကျော်သွားခဲ့ပြီး လေယာဉ်တစ်စင်းနဲ့ထိမိကာ ပေါက်ကွဲမှုဖြစ်သွားတဲ့ပုံရိပ် ထွက်ပေါ်လာခဲ့ပါတယ်။ ၁၀ မိနစ်ခန့်အကြာမှာ ကျယ်လောင်တဲ့ပေါက်ကွဲသံကြီးကို ကြားလိုက်ရပြီး လေယာဉ်ဟာ မီးစွဲလောင်ကာ ဆက်လက်ပျံသန်းနေခဲ့ပါတယ်။

ဇန်နဝါရီ ၉ ရက်မှာ လေယာဉ်ပျက်ကျတဲ့နေရာကို ရိုက်ကူးထားတဲ့ရုပ်သံထဲမှာ မြေတူးစက်တစ်ခုက အပျက်အစီးတွေကို ရှင်းလင်းရေးကူညီဆောင်ရွက်နေတဲ့ပုံရိပ်က အရေးကြီးတဲ့ သက်သေအထောက်အထားကို ဖယ်ရှားပစ်လိုက်လေမလားဆိုတဲ့ စိုးရိမ်ကြောင့်ကြမှုတွေ မြင့်တက်စေခဲ့ပါတယ်။

**အမှန်တရားပေါ်ပေါက်ဖို့ စောင့်ကြည့်နေ**

ကနေဒါနိုင်ငံခြားရေးဝန်ကြီး ဖရန်ကွိုက်စ်ဖိလစ်ပီက ဒီကိစ္စကို တစ်ကမ္ဘာလုံးက စောင့်ကြည့်နေသလို သေဆုံးသွားသူတွေရဲ့ မိသားစုဝင်တွေကလည်း အမှန်တရားပေါ်ပေါက်ဖို့ လိုလားနေကြတယ်လို့ အီရန်ကို သတိပေးခဲ့ပါတယ်။ ခရီးသည်တင်လေယာဉ် ဒုံးကျည်ထိမှန်ခံရတဲ့ဖြစ်ရပ်ဟာ ဒါပထမဆုံးအကြိမ်မဟုတ်ပါဘူး။ ၂၀၁၄ ခုနှစ် ဇူလိုင်လတုန်းက ရုရှားလုပ် ဒုံးကျည်တစ်စင်း ယူကရိန်းကို ဖြတ်ကျော်လာတဲ့ မလေးရှားပြည်တွင်းလေယာဉ်တစ်စင်းကို ထိမှန်ခဲ့လို့ လူ ၂၉၈ ဦး အသက်ဆုံးရှုံးရဖူးပါတယ်။ အဲဒီလေယာဉ်ကတော့ MH 17 လေယာဉ်ဖြစ်ပါတယ်။ ။ **ကိုးကား-အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုထွာ

### ဂရိနိုင်ငံအနောက်ပိုင်းတွင် လှေမှောက်မှုကြောင့် သုံးဦးသေဆုံးပြီး ၂၁ ဦး ကယ်ဆယ်နိုင်ခဲ့

**အေသင် ဇန်နဝါရီ ၁၁**

ဂရိနိုင်ငံအနောက်ပိုင်းရှိ ပက်ဆိုင်ကျွန်းတွင် ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များကို တင်ဆောင်လာသည့်လှေ နစ်မြုပ်မှုကြောင့် ဇန်နဝါရီ ၁၁ ရက်တွင် လူသုံးဦးသေဆုံးခဲ့ပြီး ၂၁ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ဂရိအမျိုးသားသတင်းအေဂျင်စီ အေအမ်အင်န်အေတွင် ဖော်ပြထားသည်။ လှေနစ်မြုပ်သည့်အချိန်တွင် လှေပေါ်၌ ရွှေ့ပြောင်းနေထိုင်သူနှင့် ဒုက္ခသည် ၅၀ ခန့် လိုက်ပါလာကြောင်း ကမ်းခြေစောင့်တပ်သတင်းအရင်းအမြစ်က ပြောသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် လှေပေါ်တွင်လိုက်ပါလာသည့် လူတစ်ဦးက အရေးပေါ်ဖုန်းနံပါတ်သို့ခေါ်ဆိုပြီး အကူအညီတောင်းခံခဲ့ကြောင်း ကမ်းခြေစောင့်တပ်က ပြောသည်။ ကုန်သည်လှေလေးစင်းနှင့် ကမ်းခြေစောင့်တပ်မှ လှေခြောက်စင်းဖြင့် ကယ်ဆယ်ရေးလုပ်ဆောင်ခဲ့ပြီး ဝေဟင်မှလည်း ရဟတ်ယာဉ်ဖြင့် ရှာဖွေမှုများလုပ်ဆောင်ခဲ့သည်။ ရွှေ့ပြောင်းနေထိုင်သူများ၏ သတင်းနှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များမရသေးပေ။

ဆင်ဟွာ

### ဂျာမနီတွင် ခိုလှုံသူအဖြစ်လျှောက်ထားသူ ဆက်တိုက်လျော့ကျလာ

**ဘာလင် ဇန်နဝါရီ ၁၁**

၂၀၁၉ ခုနှစ်တွင် ဂျာမနီ၌ ခိုလှုံသူအဖြစ် လျှောက်ထားသူ စုစုပေါင်း ၁၁၁၀၉၄ ရှိပြီး လွန်ခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၁၄ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဂျာမနီပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၈ ရက်တွင် ကြေညာခဲ့သည်။ ယခုအရေအတွက်သည်ဂျာမနီတွင် ဒုက္ခသည်အဖြစ်လျှောက်ထားမှု သုံးနှစ်ဆက်တိုက်လျော့ကျလာခြင်းဖြစ်ကြောင်း ဂျာမနီပြည်ထဲရေးဝန်ကြီး ဆီဟိုဖာက ပြောသည်။ မကြာသေးမီနှစ်များတွင် ခိုလှုံသူများအဖြစ် လျှောက်ထားသူများကို စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာနေထိုင်မှုကို လျှော့ချလိုက်နိုင်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ခိုလှုံသူများအဖြစ်လျှောက်ထားသူ ၂၆၄၅၃ ဦးမှာ ဆီးရီးယားမှဖြစ်ပြီး ယင်းနောက်တွင် အီရတ်၊ တူရကီ၊ အီရန်နှင့် အာဖဂန်နစ္စတန်တို့မှ လူများလျှောက်ထားကြသည်။ ဂျာမနီပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ယခုအချက်အလက်မှာ ဂျာမနီသို့ ဝင်ရောက်လာခါစအချိန်တွင် ခိုလှုံသူအဖြစ် ပထမဆုံးအကြိမ်လျှောက်ထားမှုကို ကိုးကားကာ ပြောဆိုခြင်းဖြစ်ကြောင်း သိရသည်။ ဂျာမနီသို့ခိုလှုံသူအဖြစ် လျှောက်ထားသူလျော့ကျလာသော်လည်း နယ်စပ်တွင် ရွှေ့ပြောင်းနေထိုင်မှုပြဿနာမှာ မြင့်တက်ဆဲပင်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

## ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရသူများအား ထောက်ပံ့

**မြဝတီ ဇန်နဝါရီ ၁၁**
ကရင်ပြည်နယ် မြဝတီ-ကော့ကရိတ် အာရှလမ်းတွင် ယာဉ်နှစ်စီးတိုက်မိပြီး မှန်လုံယာဉ် ချောက်ထဲထိုးကျမှု ဖြစ်စဉ်အတွက် မြန်မာ့အာမခံလုပ်ငန်းမှ ပြည်ပအလုပ်သမား အသက်အာမခံ လျော်ကြေးငွေများကို ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၇ ဦး အတွက် စုစုပေါင်း ၁၂၇ သိန်း ငါးသောင်းကျပ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မိုင်းထိလူနာအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**ကျောက်ကြီး ဇန်နဝါရီ ၁၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နှင့် မိုင်၂၀ ကျော်ခန့် အကွာမူသဲကျေးရွာနေ မောင်လူအောင်သည် မူသဲကျေးရွာ တောင်ယာခင်းအဟောင်း၌ ဇန်နဝါရီ ၉ ရက် ညနေ ၅ နာရီခွဲက ဟင်းသီးဟင်းရွက်ခူးရန် သွားရောက်ရာတွင် လက်လုပ်မိုင်းအား နင်းမိကာ ထိခိုက်ဒဏ်ရာရရှိခဲ့၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူရန် ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါ မိုင်းထိသူအား ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီတွင် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်တွေ့ဆုံပြီး အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုသားကြီး( ကျောက်ကြီး)**

## မန်းရွှေစက်တော်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မင်းဘူး ဇန်နဝါရီ ၁၁**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဓမ္မတေးပူဇော်ပွဲနှင့် နိုင်ငံကျော်အဆိုတော်များ၊ Myanmar Idol Season (4) ဆုရ အဆိုရှင်များနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ဂီတဖျော်ဖြေရေးတွင် ဇန်နဝါရီ ၂၈ ရက်တွင် အဆိုတော် ဒေါ်မာမာအေး၊ စိုးစန္ဒာထွန်း၊ ဗညားဟန်၊ ရန်ပိုင်စိုးတို့နှင့်အတူ Myanmar Idol Season (4) ဆုရတေးသံရှင် အက်စတာ၊ အေးမြဖြူတို့က ဖွင့်ပွဲလာဘုရားဖူး မိဘပြည်သူများအား ဧည့်ခံဖျော်ဖြေပေးသွားမည် ဖြစ်သည်။

မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ဓမ္မသဘင်တွင်လည်း ဇန်နဝါရီ ၂၉ ရက် ညတွင် သီတဂူဆရာတော် အရှင်ဉာဏိဿရကလည်းကောင်း၊ ဇန်နဝါရီ ၃၀ ရက် ညတွင် ရွှေရတုတိပိဋကမြင်းမူဆရာတော်က လည်းကောင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် အမေရိကန် ဆရာတော်က လည်းကောင်း ဘုရားဖူးလာ မိဘပြည်သူများအား တရားရေအေးများ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပွဲတော်ကို ဇန်နဝါရီ ၂၉ ရက်မှ ဧပြီ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

## ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ရသည့် နေအိမ်များအား ထောက်ပံ့



**ပွင့်ဖြူ ဇန်နဝါရီ ၁၁**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရသည့် လူနေအိမ်များအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက မြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းဘေး ကျေးရွာများမှ ဒေသခံပြည်သူများ ကမ်းပါးပြိုကျမှု အန္တရာယ်ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကြုံတွေ့ရသည့် အခြေအနေကို သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက ထောက်ပံ့ငွေ ပေးအပ်ရခြင်းနှင့် သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်းပြီး ပြည်သူများ အန္တရာယ်ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဧရာဝတီမြစ်ကမ်းပါး ပြိုကျမှုကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည့် အရှေ့လေးအိမ်ကျေးရွာအုပ်စု မြင်းခြံစုကျေးရွာရှိ လူနေအိမ် ၁၂ လုံးနှင့် နန်းတော်ကျွန်း ကျေးရွာအုပ်စု ထူးကျေးရွာရှိ လူနေအိမ်ရှစ်လုံးတို့အတွက် နေအိမ်တစ်လုံးလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းနှုန်းနှင့် ဘေးသင့်အိမ်ထောင်စုဝင် ၈၉ ဦးအတွက် စားနပ်ရိက္ခာဆန်ဖိုးငွေကျပ် ၁၈၆၉၀၀၊ စုစုပေါင်း ထောက်ပံ့ ငွေကျပ် ၂၁၈၆၉၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။(အပေါ်ပုံ)

**ရဲဝင်းနိုင်(ညောင်ဦး)**

## လှိုင်းဘွဲ၌ ပြည်သူများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေး

**လှိုင်းဘွဲ ဇန်နဝါရီ ၁၁**
ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ထောရွဲကျေးရွာ၌ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် တာဝန်ရှိသူများသည် ထောရွဲဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်အစိုးရအဖွဲ့၏ဦးစားပေးရည်မှန်းချက်များဖြစ်သော လျှပ်စစ်မီးလင်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်မြေယာကိစ္စရပ်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာသင်တန်းများအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဒေသခံပြည်သူများက ရေနုတ်မြောင်းတူးဖော်ရေးကိစ္စ၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ပေးရေး၊ ကုန်ထုတ်လမ်းသုံးမိုင်ဖောက်လုပ်ရာတွင် ကျန်ရှိသည့် တစ်မိုင်အား ဆက်လက်ဖောက်လုပ်ပေးရေး၊ ဆရာ ဆရာမများ အဆင်ပြေစွာ နေထိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရေးတို့ကို တင်ပြရာ ဌာနအသီးသီးရှိ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ရိခေါဒါရ်၌ ကျောင်းသား ကျောင်းသူများအတွက် ပြိုင်ပွဲများ ကျင်းပ

**ရိခေါဒါရ် ဇန်နဝါရီ ၁၁**
ချင်းပြည်နယ် ရိခေါဒါရ်မြို့၌ စာဖတ်သည့် အလေ့အထကောင်းရရှိပြီး စာဖတ်ရှိန်မြှင့်တင်ရေးရည်ရွယ်ချက်ဖြင့် ဖတ်၊ မှတ်၊ ကြံ၊ ထွင် ပြိုင်ပွဲ လေးမျိုးကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၁၂ ဦးတို့က "လွတ်လပ်ခဲ့ပြီ ပြည်မြန်မာ"ခေါင်းစဉ်ဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦးတို့က "ပြိုင်တူတွန်းလျှင် ရွေ့နိုင်သည်" ခေါင်းစဉ်ဖြင့် ပုံပြင်ပြောပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦးတို့က ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၇ ဦးတို့က ဗိုလ်ချုပ်ပုံတူရေးဆွဲပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ပက်ကာ (ပြန်/ဆက်)**

## မိုင်းယောင်း၌ ကြားဖြတ်သန်းခေါင်စာရင်းဆိုင်ရာ ညှိနှိုင်း

**မိုင်းယောင်း ဇန်နဝါရီ ၁၁**
ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူမည့် စာရင်းစစ်၊ စာရင်းကောက်များဖွဲ့စည်းထားပြီး ကောက်ကွက်(၇)ကွက်ဖြင့် မြေပြင်ကွင်းဆင်းကောက်ယူမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ မိုင်းယောင်းမြို့နယ်တွင် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကို ဇန်နဝါရီ ၁၅ ရက်မှ ၂၈ ရက်အထိ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**အားချာ (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၈၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၁၀၀၀ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၉၀၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၁၀၀၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၈၄ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၆ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၉ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၇ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၅၄ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၀ . ၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၄ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၈၈၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၃ . ၇၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၀၆၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၅၀၀ | ၁၃၇၃ | ၁၅၄၅၂၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၀၀ | ၇၁၃၈ | ၂၇၁၆၇၃၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၄ | ၃၂၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၅၄၂ | ၁၂၁၉၅၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၈၅၄ | ၂၃၉၁၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခွတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကလေးတို့ကိုယ်ခန္ဓာထဲက ကာကွယ်ရေးတပ်သားလေးတွေ

ကေ-ဂျူဝယ်လ်

**ရာသီအကူးအပြောင်းကာလမှာ ကလေးတို့ နေကောင်းကြရဲ့လား။ ရာသီအကူးအပြောင်းဆိုတာ မိုးကနေ ဆောင်း၊ ဆောင်းကနေ နွေ၊ နွေကနေ မိုးရာသီကို အသီးသီးကူးပြောင်းတဲ့အချိန်ပေါ့။ ဒီတစ်ပတ်မှာတော့ ကလေးတို့ နေကောင်းကျန်းမာအောင် အကူအညီပေးနေတဲ့ ကလေးတို့ရဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ကိုယ်ခံစွမ်းအား စနစ်လေးတွေအကြောင်းကို ပြောပြချင်ပါတယ်။**



သူတို့ဟာ ကလေးတို့ကိုယ်ထဲကို ဗက်တီးရီးယားတွေ၊ ဗိုင်းရပ်စ်ပိုးတွေနဲ့ အခြားသော ဓာတုအန့်အသက်တွေ၊ အဆိပ်ငွေ့အမျိုးမျိုးတွေ မဝင်နိုင်အောင်၊ ဝင်လာခဲ့မယ် ဆိုရင်လည်း အမြန်ဆုံး အမြစ်ပြုတ်နိုင်အောင် တိုက်ခိုက် ကာကွယ်ပေးတဲ့အရာတွေပေါ့။ သူတို့ကို အန်တီဘော်ဒီ (Antibody) လို့ခေါ်ပြီး မမကတော့ ကာကွယ်ရေးတပ်သား လေးတွေလို့ ခေါ်ချင်ပါတယ်။

### ကိုယ်ခံစွမ်းအားဆိုတာဘာလဲ

နေ့စဉ် ကလေးတို့ပတ်ဝန်းကျင်မှာရှိနေတဲ့ ဗိုင်းရပ်စ်တွေ၊ ဗက်တီးရီးယားတွေနဲ့ ကပ်ပါးကောင်လေးတွေဟာ မျက်စိနဲ့ မမြင်ရလောက်အောင် သေးငယ်တဲ့ အရွယ်အစား ရှိပြီး ကလေးတို့ကိုယ်ထဲကို ဝင်ရောက်တိုက်ခိုက်ဖို့ အမြဲတာစူနေတတ်ပါတယ်။ အခုလို ရာသီအပြောင်းအလဲ ကာလတွေဆိုရင် ပိုပြီးဆိုးတာပေါ့။ ဒီကာလမှာ ကိုယ်ထဲက ခုခံအားတွေဟာ ကျဆင်းနေတတ်တယ်တဲ့။ ခုခံအားစနစ်ဆိုတာကတော့ ကိုယ်တွင်းအင်္ဂါထဲမှာရှိပြီး သွေးအတွင်းမှာပါဝင်တဲ့ ဆဲလ်ပုံစံတစ်မျိုးပဲဖြစ်ပါတယ်။ သူတို့က ကလေးတို့ခန္ဓာကိုယ်ထဲ ကျူးကျော်ဝင်လာတဲ့ ရန်သူတွေကို တိုက်ခိုက်ကြတော့တာပေါ့။

ဝင်ရောက်လာတဲ့ ရောဂါပိုးတွေအလိုက် ခန္ဓာကိုယ်ကနေ တိုက်ဖျက်တဲ့ ကာကွယ်ရေးတပ်သားအမျိုးအစားတွေက မတူပါဘူး။ ရောဂါတစ်ခုခုအတွက် အချို့ ကာကွယ်ရေးတပ်သား ဆဲလ်လေးတွေကို အထူး ဒီဇိုင်းနဲ့ သဘာဝတရားကြီးက ဖန်တီးပေးထားပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာ ရောဂါတိုက်ဖျက်တဲ့ဆဲလ်တွေရှိပြီး စစ်တိုက်ဖို့ကတော့ သူတို့က အချက်ပြတာနဲ့ စတင်တိုက်ဖျက်တော့တာပဲ။ ကိုယ်ခံစွမ်းအားစနစ်ကြီးဟာ ခန္ဓာကိုယ်တစ်ခုလုံး ဖြန့်ကြက်ထားပြီး ရောဂါပိုးကို တွေ့တာနဲ့ ကလေးတို့ ခန္ဓာကိုယ်ထဲကို ရန်သူဝင်လာပြီလို့ အချင်းချင်း သတင်းပို့ကြသတဲ့။ ပြီးတာနဲ့ ရန်သူအမျိုးအစားအလိုက် လိုအပ်တဲ့ တပ်သားဆဲလ်တွေကို ရန်သူဝင်ရောက်လာတဲ့ဧရိယာတွေဆီ ပို့ပေးကြတော့တာပေါ့။

### အန်တီဘော်ဒီ

သိပ္ပံပညာရှင်တွေကတော့ အန်တီဘော်ဒီဟာ ဌာနချုပ်ကြီးနဲ့တူတယ်လို့ ဆိုကြပါတယ်။ ထူးဆန်းတာက တပ်သားလေးတွေဟာ ကိုယ်ခံစွမ်းအားစနစ်အတွက် လိုအပ်တဲ့ဆဲလ်တွေ၊ အကူအညီပေးမယ့် ဆဲလ်တွေကို လုံးဝမတိုက်ခိုက်ကြပါဘူး။ ရောဂါပိုးဝင်ရောက်တဲ့ အတွက် မကောင်းတဲ့ဆဲလ်ဖြစ်လာတဲ့ ခန္ဓာကိုယ်တွင်းက ဆဲလ်ဆိုးတွေကို ရွေးချယ်တိုက်ခိုက်ဖျက်ဆီးပစ်ကြတာပါ။ ကိုယ်ခံစွမ်းအားစနစ်မှာ တိကျတဲ့လုပ်ငန်းဆောင်တာ လုပ်တဲ့ ဆဲလ်တွေရှိပြီး အဲဒီဆဲလ်တွေကို သွေးဖြူဥ (White Blood Cells) တွေလို့ ခေါ်ကြပါတယ်။ ဒါ့အပြင် ရောဂါကာကွယ်တဲ့ အခြားဆဲလ်အမျိုးအစားတွေလည်း အများကြီးရှိပါတယ်။ ဥပမာပြောရရင် ကလေးတို့ တုပ်ကွေးရောဂါဖြစ်တော့မယ်ဆိုရင် တိုက်ဖျက်ဖို့ အထောက်အကူပေးတဲ့ဆဲလ်တွေ ရှိပါတယ်။

### ကိုယ်ခံစွမ်းအားဘယ်ကရ

ကလေးတို့ မေမေ့ဗိုက်ထဲက ထွက်ကတည်းက သဘာဝတရားကြီးက ကိုယ်ခံစွမ်းအားစနစ်ကို ထည့်ပေးထားတာပါ။ မေမေ့ရဲ့ နို့ကိုစို့ခွင့်ရတဲ့အခါမှာလည်း ကိုယ်ခံစွမ်းအားတွေ ရလာနိုင်ပါတယ်။ ကလေးတို့ရဲ့ ခန္ဓာကိုယ်က အသက်ကြီးလာတာနဲ့အမျှ ကိုယ်ခံစွမ်းအားကို ကိုယ်တိုင် ဖန်တီးတော့တာပဲ။ ရာသီဥတု အေးတဲ့ဒေသမှာနေတဲ့ ကလေးတွေဟာ အအေးဒဏ်ကို အခြားဒေသက ကလေးတွေထက်ပိုပြီး ခံနိုင်ကြသလိုပါပဲ။ ကလေးတို့ ဖျားတဲ့အခါ ကိုယ်ခံစွမ်းအားစနစ်ကြီးက အဖျားရောဂါကို ဘယ်လို တိုက်ဖျက်မလဲဆိုတာကို သူကလေ့လာပြီး လုပ်ဆောင်တာ ပေါ့။ ရောဂါပိုးတွေ ကူးစက်လာတဲ့အခါမှာလည်း ရောဂါကို တွန်းလှန်နိုင်မယ့် အစွမ်းသတ္တိရှိတဲ့ တပ်သားတွေကို ထုတ်လုပ်တော့တာပေါ့။

နောက်တစ်မျိုးကတော့ ဆေးတွေကနေ ရောဂါကို ကာကွယ်တာပေါ့ကွယ်။ အဲဒီဆေးတွေဟာလည်း ခန္ဓာကိုယ်ထဲမှာ ရောက်ရှိလာတဲ့ ရောဂါပိုးတွေကို တိုက်ဖျက်ပေးတယ်။ ကာကွယ်ဆေးတွေကို ကလေးတို့ လက်မောင်းတွေ၊ ပေါင်တွေမှာ ထိုးကြတယ်။ ပိုလီယိုကာကွယ်ဆေးကို တိုက်ကျွေးတယ်ဆိုတာမျိုးပေါ့။ ဒါက ကလေးတို့ရဲ့ ခန္ဓာကိုယ်ထဲက ရောဂါကာကွယ်ရေးတပ်သားတွေကို အားဖြည့်ပေးကြတာပေါ့။



### ကိုယ်ခံစွမ်းအားကို မြင့်မားစေဖို့

ကိုယ်ခံစွမ်းအားမြင့်မားဖို့အတွက် ဆေးတွေကို မလိုအပ်ဘဲ မသောက်သင့်ပါဘူး။ အာဟာရပြည့်စုံအောင် စားသောက်ရမှာ ဖြစ်ပါတယ်။ ကလေးတို့ အိပ်ရေးဝဝ အိပ်ကြပြီး အသီးအနှံတွေကိုလည်း စားသုံးကြဖို့လိုပါတယ်။ နေရောင်ခြည်ကို လိုအပ်သလောက်ရယူနိုင်ဖို့အတွက် ကလေးတို့ နေရောင်အောက်မှာ ဆော့ကစားပေးဖို့ လိုပါတယ်။ ဒါမှ ဗီတာမင်-ဒီ ကြောင့် ကလေးတို့ ကိုယ်ခံစွမ်းအား မြင့်တက်လာမှာပါ။ အစိမ်းရောင် ဟင်းသီးဟင်းရွက်တွေကနေလည်း ကိုယ်ခံစွမ်းအားမြင့်မားစေပါတယ်။ ဒိန်ချဉ်၊ နို့၊ ပဲ အမျိုးမျိုး၊ ငှက်ပျောသီး၊ ဥ၊ ခရမ်းချဉ်သီးတွေနဲ့ ဂျုံနဲ့ လုပ်တဲ့မုန့်တွေ၊ မုန်လာဥ၊ ကြက်သွန်ဖြူနဲ့ ကန်စွန်းဥ၊ ဂေါ်ဖီ၊ ပန်းသီးနဲ့ အသီးအနှံတွေ၊ ပဲနို့နဲ့ ရွှေဖရုံသီး၊ အခွံမာသီးတွေနဲ့ အသား၊ ငါးတွေကို သင့်တင့်လျောက်ပတ်အောင် စားသုံးပြီး ကာကွယ်ရေးတပ်သားလေးတွေကို အားဖြည့်ပေးလိုက်ကြပါဦးနော်။ ။

## လောကဝတ် (Etiquette)

မမမေ

# အမူအရာကနေပြနိုင်တဲ့ ယဉ်ကျေးပျူငှာမှုလေးတွေ

**အမူအရာကနေ တစ်ဖက်သားအပေါ် ဂရုစိုက်တဲ့အရာလေးတွေကို ကလေးတို့ကို ပြောပြလိုပါတယ်။ ကျောင်းမှာ ဖြစ်ဖြစ်၊ အပြင်မှာဖြစ်ဖြစ် သတိပြုဆင်ခြင်သင့်တဲ့အရာလေးတွေဖြစ်ပြီး လူကြီးတွေအပေါ် သူငယ်ချင်းတွေအပေါ် ကလေးတို့က ဘယ်လောက်လိမ္မာတယ်၊ သူများအပေါ် စိတ်ဝင်တစားနဲ့ ဆက်ဆံတယ်ဆိုတဲ့ အကြောင်းဖြစ်ပြီး လူတိုင်းက လေးစားချစ်ခင်ခြင်းကို ခံရမှာဖြစ်ပါတယ်။**

### ခပ်တိုးတိုးလေးသတိပေး

ဖိနပ်ပြုတ်ခါနီးတာ ဒါမှမဟုတ် ဘောင်းဘီဇစ်တွေ ပြုတ်တာ၊ အောက်ခံအင်္ကျီစတွေ ထွက်နေတာမျိုးကို ကလေးတို့ သူများကို သတိပေးလိုတဲ့အခါ ဘယ်သူမှ မသိအောင် ခပ်တိုးတိုးလေး ပြောပြပေးဖို့ သင့်ပါတယ်။



သူများချော်လဲတာ၊ တစ်ခုခုပြုတ်ကျတာမျိုးဖြစ်ရင် လှောင်ပြောင် ရယ်မောလိုက်တာမျိုးကို ရှောင်ကြဉ်ပြီး အကူအညီပေးနိုင်သလောက် ဖြည့်ဆည်းပေးလိုက်ဖို့လည်း မမေ့ပါနဲ့နော်။ စာမေးပွဲဖြေနေတုန်း စာမေးတဲ့ သူငယ်ချင်းကို ကူညီတဲ့အနေနဲ့ ပြောပြလိုက်တာဟာ သူ့အပေါ် အလွယ်တကူ ကူးချတတ်ဖို့ သင်ပေးလိုက်တာနဲ့ တူပါသတဲ့။ ဒါကြောင့် သူငယ်ချင်းက စာမေးလာခဲ့ရင် စာမေးပွဲခန်း မဝင်ခင်မှာ အတတ်နိုင်ဆုံး ကူညီပြသရမှာ ဖြစ်ပေမယ့် စာမေးပွဲခန်းထဲမှာတော့ ကလေးတို့ရဲ့ အဖြေလွှာကိုသာ အာရုံစိုက်ထားဖို့ သတိပေးပါရစေနော်။


### မစပ်စုနဲ့နော်


ကိုယ်ရေးကိုယ်တာ ဆိုတာ လူတိုင်းမှာ ရှိပါတယ်။ ကလေးတို့မှာရော ဘယ်သူ့ကိုမှ မသိစေချင်တဲ့ အကြောင်းအရာတွေ ရှိတတ်သလား။ အဲဒါတွေကို သူများက စပ်စုပြီး ဇွတ်အတင်းသိချင်တာတွေ မေးတာ၊ ယူကြည့်တာမျိုး ဆိုရင်ရော ကြိုက်နှစ်သက်ကြသလား။ ကိုယ်တိုင်လည်း ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။ သူများ မပြဘဲ အဖြေလွှာတွေ ဆွဲယူကြည့်တာ၊ သူများကြိုက်တဲ့ အရာတွေကို အတင်းဇွတ်ယူတာနဲ့ မမေးစေချင်တဲ့ အရာတွေကို အတင်းလိုက်မေးတာမျိုး မလုပ်ဘူးဆိုရင် ကလေးတို့ကိုအားလုံးက ချစ်ခင်နှစ်သက်ကြမှာ ဖြစ်ပါတယ်။




### စိတ်မကောက်နဲ့


ကလေးတို့အကြား အများဆုံးဖြစ်တတ်တဲ့ အရာလေးကတော့ စိတ်ကောက်ကြတာပဲ မဟုတ်လား။ တစ်ယောက်နဲ့ တစ်ယောက် စကားပြောတာ အခန့်မသင့်ရင် ဒေါသထွက်ပြီး စိတ်ကောက်ကြတယ်။ စိတ်ကောက်တဲ့အခါ မခေါ်တော့ဘူး၊ တစ်ယောက်ထဲ ထွက်သွားတယ်၊ နှုတ်ခမ်းကြီးကို စူထားပြီး အချို့ကလေးတွေဆိုရင် အရာဝတ္ထုတွေကို ဖျက်ဆီးပစ်တတ်ကြတယ်တဲ့။ ကလေးငယ်ငယ်ဘဝတုန်းကတော့ စိတ်ကောက်တာကိုက ချစ်စရာလေးတွေ။ အသက်တဖြည်းဖြည်း ကြီးလာပေမယ့် ခဏခဏ စိတ်ကောက်တဲ့သူတွေကျတော့ ပျော်စရာမကောင်းတော့ဘူး။ ချစ်စရာလည်း မကောင်းတော့ဘူးတဲ့။ လိုချင်တာ မရလို့၊ ဖြစ်ချင်တာမဖြစ်ရလို့ ခံစားချက်တွေရှိလာရင် စိတ်ဆိုးစိတ်ကောက်တာမျိုး အတတ်နိုင်ဆုံးမလုပ်မိအောင် ရှောင်တာကလည်း လောကဝတ်တစ်ခုပဲပေါ့ကွယ်။ ကိုယ်ဖြစ်စေချင်တာ၊ လိုချင်တာကို အေးအေးသက်သာ တောင်းဆိုနိုင်မယ့်အစား ဝုန်းဒိုင်းကျဲ စိတ်ဆိုးစိတ်ကောက်ပြီးမှ တောင်းခံတာဟာ ယဉ်ကျေးတဲ့ကလေးတွေ မလုပ်ကြဘူး။ ဒါကြောင့် ကလေးတို့လည်း ဘယ်ကိစ္စမဆို အေးအေးဆေးဆေး ဖြေရှင်းတတ်အောင်လေ့ကျင့်ပြီး အားလုံးရဲ့ ချစ်ခြင်းမေတ္တာတွေကို ရရှိကြပါစေလို့ မမက ဆုတောင်းပေးလိုက်တယ်နော်။ ။


HTOO






ပေါက်စန်


ကလင်...
ကလင်...
ဘာကိစ္စရှိလို့ပါလဲ...ဦးဦး...
ဖေဖေတို့ အိမ်မှာမရှိဘူးခင်ဗျ...
ကျွီ...
အလှူလာဖိတ်
တာပါကွယ်...
ဒါဆိုလည်း သားကိုပဲ ပေးခဲ့
တော့မယ်။ ဆက်ဆက်လာခဲ့ ဖို့ ပြော
လိုက်နော် ...
ဦးဦးရေ...
ဦးဦး...
ဖိတ်စာမှာဖေဖေနဲ့မေမေနာမည်ပဲရေးထားပြီး
သားနာမည်မပါလို့ တစ်ခါတည်းရေးပေးသွားပါဦး...
ဒါမှသားပါအလှူကိုလိုက်လာလို့ရမှာ
လေ...ဦးဦးရဲ့ ...


ကာတွန်း စမ်းချောင်းကိုကိုအောင်
ငါ ယနေ့က သွေး
သွားလှူတယ်၊
သွေးပေးလှူကာအသက်
ကယ်ပါဆိုတဲ့ဆောင်ပုဒ်
နဲ့ အညီပေါ့၊
ကောင်းတာပေါ့
ဟာ၊
နင် သွေးလှူဖူးလား..
ငါက နေ့တိုင်းလှူ
နေကျ၊
အလို့.တယ်
ဟုတ်ပါလား၊
ငါ့တို့ရပ်ကွက်က ခြင်
ပေါတယ်လေ၊

# လိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၀)ဖြင့် ဘာသာရပ်ဆိုင်ရာ ပညာရှင်ဖြစ်သော **သိပ္ပကျော်စွာဘွဲ့** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်

- ဦးထွန်းအောင်ချိန် — တစ်သက်တာစာပေဆုရှင်၊ သမိုင်းပညာရှင်၊ သမိုင်းဌာန ညွှန့်ပါမောက္ခ
- ဒေါက်တာတိုးလှ — အမျိုးသားစာပေဆုရှင်၊ သမိုင်းပညာရှင်၊ သမိုင်းဌာန ညွှန့်ပါမောက္ခ
- ဦးကျော်ဝင်း (မနုဿကျော်ဝင်း) — အမျိုးသားစာပေဆုရှင်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပါမောက္ခ(အချိန်ပိုင်း) ရန်ကုန်တက္ကသိုလ်၊ မနုဿဗေဒဌာန

တို့သည် စာပေပညာ အကျိုးဆောင်ရွက်နိုင်ကြပါစေဟု ဂုဏ်ယူဝမ်းမြောက်၍ အလေးအနက်ဆုတောင်းလိုက်ပါသည်။

**အမျိုးသားစာပေဆုရ ဒေါက်တာ ဦးဖြေ**

**(စာရေးဆရာ၊ ဝိသဓ္ဓမ၊ ပဲခူး)**

**ဒေဝယက္ခတိုင်းရင်းဆေးတိုက်၊ ပဲခူးမြို့**

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော် ဖြစ်သည့် **"သုဓမ္မသိင်္ဂီ"** ဘွဲ့ကို **ဒေါ်အေးအေးမြင့်** (ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့)အား **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ** ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးစိုင်းမျိုးဝင်း + ဒေါ်နန်းခင်မြင့်ရီ**

**EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)**

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်–၁/၂၀၂၀ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၄၉)၊ ၁၁လမ်းနေ ဦးလှသိန်း(Chairman) (Myanmar Data Center Co.,Ltd)၏ချစ်ဇနီး **သုဓမ္မသိင်္ဂီ ဒေါ်တင်လေးကြည်** မန်နေဂျင်းဒါရိုက်တာ(ထူးကဲအောင်မြင်ကုမ္ပဏီလီမိတက်)အား **သီရိသုဓမ္မသိင်္ဂီဘွဲ့ တံဆိပ်**ထပ်မံပေးအပ်ချီးမြှင့်ခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရှေ့အနာဂတ်တွင်လည်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ ဘာသာသာသနာအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

**မမမွှေး၊ မမမို့၊ ကိုစဲ၊ ကိုရွှေ၊ ကိုငြိမ်းအေး**

**ခက်ခက်၊ လဲ့လဲ့(ထိုင်ဝမ်)မောင်နှမတစ်စု**

## ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းလျှော့ချခြင်း

ကျွန်မတို့ Golden Dinar Trading Co.,Ltd ၏ အစုရှယ်ယာမှ လွန်စွာများပြားနေသည့်အတွက် ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်း လျှော့ချခြင်းဖြစ်သည်။ ယခင်ကကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်း မှတန်ဖိုးမြင့်အစုရှယ်ယာဖြစ်ပြီး ယခုတန်ဖိုးနည်းအစုရှယ်ယာသို့ ပြောင်းလဲခြင်းဖြစ်သည်။ ယခုအခါ ၁၀၀၀၀၀ တန်အစုရှယ်ယာကို ဒေါ်မာမာချိုမှ (၄၅)နှင့် ဒေါ်သီတာအေးမှ (၁၅)စုစီအသီးသီးတန်ဖိုး ပေးသွင်းဝယ်ယူကြရန် အတည်ပြုကြပြီးကြော်ငြာရခြင်းဖြစ်သည်။

**Golden Dinar Trading Co.,Ltd**

ဖုန်း–၀၉–၅၀၈၀၄၆၆၊ ၀၉–၅၀၄၈၃၉၃

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ သုဇိတာ (၁)လမ်း၊ အမှတ် ၉၆၉/က (ပေ၂၀xပေ၆၀) အကျယ်အဝန်းရှိ ဒေါ်ဝင်းဝင်းနွဲ့ ၁၂/ဥကမ(နိုင်)၀၇၈၅၂၆ အမည်ပေါက်နှစ် (၆၀)မြေငှားဂရန် မြေကွက်အား လက်ရှိထားပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အပေါ် ကျွန်ုပ်၏ မိတ်ဆွေမှယုံကြည်၍ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန္တာမြင့်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (၁၆၄၃၈)**
**အမှတ် ၃၂၁ A5၊ သုမိတ္တာ(၉)လမ်း၊ ၁ ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၂၅၀၅၂၈၆၁၆**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5GW/68355၊ Haojue–110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နန္ဒာဖြိုး ၁၂/ဒလန(နိုင်)၀၄၉၀၉၂ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဗမာအေး)၊ မြေကွက်အမှတ်(၁၂၆)၊ ဧရိယာ ၀.၁၁၃၃မဂ၀၂၈ဧက=(၂၅'x၅၀')၊ မြေကွက်တည်နေရာအမှတ်(၁၂၆)၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်လှရီ ၁၂/ဒပန(နိုင်)၀၂၃၅၂၇ အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား ဒေါ်လှရီ(မိခင်)နှင့် ဦးသိန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်သိန်းလွင် ၁၂/ဒပန(နိုင်)၀၂၃၅၂၈ထံမှ GP ၂၄၁၁၂/၂၀၁၉(၅–၈–၂၀၁၉)ဖြင့်ရရှိသူ ဦးစိုးမင်း(ခ)ဦးမူဟာမက်အေက်ဘာလ် ၁၂/တမန(နိုင်)၁၃၃၀၅၈ မှ သေစာရင်း၊ ကတိသစ္စာပြုလွှာ၊ ကျမ်းကျိန်လွှာများ၊ ဒေါ်လှရီအမည်ပေါက် နှစ် (၆၀)ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဒေါ်နှင်းဝတ်၊ ဒေါ်မစန်းနှင့် ဦးလှကြည်တို့ သိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မလွှကုန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄–စီ/၉၀)၊ မြေကွက်အမှတ် (၂၉၃)၊ (၆၀ ပေ× ၁၅ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၈၅–က)၊ (၄)ထပ်တိုက် အနက်မှ မြေညီနှင့် အကျိုးခံစားခွင့်အပါအဝင် မြေညီထပ် နှင့် ပထမထပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဦးမော်ဂန်(ခ)ဦးမောင်ဝိုင်မှ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် ဤကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်နှင့် ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးခင်မောင်ကြီး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၂၀၉)**
**အမှတ် (၂၀၂)၊ (၄)လွှာ (ယာ)၊ လွတ်လပ်ရေးလမ်း၊**
**(ဃ) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း ၀၉–၅၀ ၉၅၉၇၆**

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့်
လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"**
ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့်
EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်းနှင့်**
**"အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့ကို ဇနီး **ဒေါ်နန်းခင်မြင့်ရီ** Senior Vice Chairman & Co-Founder တို့အား
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ** ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်
အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့်
မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို
ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ခေတ်သစ်ဖောင်ဒေးရှင်း**

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့်
လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော် ဖြစ်သည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို
**ဦးဝိတ်** MBCCD & Sae Paing Co., Ltd. အား
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ** ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်
အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့်
မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို
ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးစိုင်းမျိုးဝင်း + ဒေါ်နန်းခင်မြင့်ရီ**
EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရွှေဘိုမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသကြသည့် လူနာများအား ကုသပေးရန်လိုအပ်သော (FDA)အသိ အမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ၊ Consumable များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၁၀-၁-၂၀၂၀ရက်
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၂-၂၀၂၀ရက်၊ ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့၊ ဖုန်း-၀၇၅-၂၁၀၀၈

## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လှိုင်သာယာမြို့နယ်၊ ရန်ကုန်-ညောင်တုန်းလမ်း၊ အမှတ်(၈)ရပ်ကွက်၊ မြေကွက်အမှတ်(၅၅၃)ပေါ်တွင် (၁၀၀.၅ပေ x၄၄ပေx၃၆ပေ)အကျယ်အဝန်းရှိ (၆)ခန်းတွဲ၊ (၄)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ခြင်း၊ မြေရှင်းလင်းခြင်းနှင့်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားကုမ္ပဏီများအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့် ရက်/အချိန် - ၁၃-၁-၂၀၂၀ရက်(တနင်္လာနေ့) ၁၀:၀၀နာရီ

(ခ) တင်ဒါပုံစံရောင်းချမည့် နေရာ - အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ (၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် - ၂၇-၁-၂၀၂၀ရက်(တနင်္လာနေ့) ၁၆:၀၀နာရီ

(ဃ) တင်ဒါပုံစံဖွင့်လှစ်မည့် နေရာ - အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ (၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၂။ အသေးစိတ်သိရှိလိုပါက အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း -၀၁-၃၈၀၃၅၃၊ ၀၁-၂၅၆၀၃၂၊ ၀၁-၃၇၁၈၃၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါကြောင်းနှင့် တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်တို့ကို ထပ်မံ၍ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် (၁၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ (၁၂) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀-၂-၂၀၂၀ရက် (ကြာသပတေးနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁၉-၂-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါသင်တန်းများ၏ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဤတက္ကသိုလ်တွင် လျှောက်ထားရမည်။

၁။ ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)(၁/၂၀၁၇)သင်တန်းဘွဲ့ရ အောင်စာရင်း ထုတ်ပြန်ပြီးသူများ။

၂။ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ (၁/၂၀၁၉)သင်တန်း ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။

၃။ ဆေးရုံအုပ်ချုပ်မှုပညာ မဟာဘွဲ့(၁/၂၀၁၉)သင်တန်းဘွဲ့ရ အောင်စာရင်း ထုတ်ပြန်ပြီးသူများ။

၄။ ဆေးပညာမဟာသိပ္ပံ(ဆေးရုံအုပ်ချုပ်မှုနှင့်ကျန်းမာရေးစီမံခန့်ခွဲမှုပညာ) (၁/၂၀၁၈)သင်တန်း (နောက်ဆက်တွဲ) ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူ။

၅။ ဆေးပညာသင်ကြားရေးဒီပလိုမာ (၃/၂၀၁၉)သင်တန်း ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။

၆။ ဆေးပညာသင်ကြားရေး ဒီပလိုမာ(၃/၂၀၁၈)သင်တန်း ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/-ကျပ်နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀/-ကျပ်ကို ပေးသွင်းရမည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ပြည့်စုံစွာဖြည့်စွက်လျက် လွန်ခဲ့သည့်သုံးလအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲxနှစ်လက်မ) အရွယ်ရောင်စုံဓာတ်ပုံ(၅)ပုံနှင့်အတူ ၄-၂-၂၀၂၀ ရက် နောက်ဆုံးထား၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းထံ လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက်တက်ရောက်ရမည်။ အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းရုံးခန်း ဖုန်း-၀၁-၃၉၅၃၆၇၊ စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာနစု ဖုန်း-၀၁-၃၉၅၂၁၃၊ ၃၉၅၂၁၄ (လိုင်းခွဲ-၁၅) သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အမိန့်အရ-**

**လှလှရီ**
**မော်ကွန်းထိန်း**
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်း ချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါဖွင့်မည့် | | တင်ဒါနောက်ဆုံးတင်သွင်းရမည့်နောက်ဆုံးရက် | |
|---|---|---|---|---|---|
| | | ရက် | နာရီ | ရက် | နာရီ |
| အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) | ၂,၅၀၀ | ၁၃-၂-၂၀၂၀ | ၁၄:၀၀ | ၁၃-၂-၂၀၂၀ | ၁၂:၀၀ |
| | ၂,၅၀၀ | ၁၈-၂-၂၀၂၀ | ၁၄:၀၀ | ၁၈-၂-၂၀၂၀ | ၁၂:၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်) | ၂,၅၀၀ | ၁၃-၂-၂၀၂၀ | ၁၄:၀၀ | ၁၃-၂-၂၀၂၀ | ၁၂:၀၀ |
| | ၂,၅၀၀ | ၁၈-၂-၂၀၂၀ | ၁၄:၀၀ | ၁၈-၂-၂၀၂၀ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများအား (၁)လ ကြိုတင်၍ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

